# ရဟာနိ်းတျုငိ်ပွယ်
# နုစိ်ဂျုနုစိ်ဆယ်ရုနုစိ်သွယ်

ရဟန်း တော်တို့ကျင့်ဝတ် ( ၂၂၇ ) ပါး

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ (နိဒါန်း) | စာမျက်နှာ |
| --- | --- | --- |
| (၁) | သိင်္ဂါပုဒ်ပဿတ်ရာ (၄၁၈) တိုင်း ပြည်များ | ၁ |
| (၂) | အာပတ်သင့်ခြင်း အကြောင်း (၆) ပါး | ၁ |
| (၃) | ရဟန်း (၈) မျိုး | ၁ |
| (၄) | ပဿတ် (၉) မျိုး | ၂ |
| (၅) | အာပတ် (၇) မျိုး | ၂ |
| (၆) | ဝိပ္ပတ္တိ (၄) ပါး | ၃ |
| (၇) | အာပတ်ဖြစ်ခြင်း အကြောင်း (၆) ပါး | ၃ |
| (၈) | ကိုယ်ဝါပြုခြင်း၏အစွမ်း အားဖြင့်အာပတ် (၅) မျိုး | ၄ |
| (၉) | သညာ၏အစွမ်း အားဖြင့်အာပတ် (၂) မျိုး | ၄ |
| (၁၀) | စိတ်၏အစွမ်း အားဖြင့်အာပတ် (၂) မျိုး | ၅ |
| (၁၁) | ဝဇ္ဇအစွမ်း အားဖြင့်အာပတ် (၂) မျိုး | ၅ |
| (၁၂) | ကမ္မအစွမ်း အားဖြင့်အာပတ် (၂) မျိုး | ၅ |
| (၁၃) | အဓိကရုဏ်း (၄) ပါး | ၆ |
| (၁၄) | သမထ (၇) ပါး | ၆ |
| (၁၅) | သိင်္ဂါပုဒ်ပဿတ် ရခြင်း အကျိုး (၁၀) ပါး | ၇ |
| (၁၆) | အာပတ်မသင့်သော ပုဂ္ဂိုလ် (၆) မျိုး | ၈ |

( ၂၂၇-ပါး သော သိက္ခာပုဒ်များ )


| အမှတ်စဉ် | အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|---|
| (၁၇) | ပါရာဇိက | | သိက္ခာပုဒ် | (၄) ပါး | ၉ |
| (၁၈) | သံဃာဒိသေသ | | ။ | (၁၃) ပါး | ၁၃ |
| (၁၉) | အနိယတ | | ။ | (၂) ပါး | ၁၈ |
| (၂၀) | နိဿဂ္ဂိယ ပါစိတ် | (၁) စီဝရဝဂ် | သိက္ခာပုဒ် | (၁၀) ပါး | ၁၉ |
| (၂၁) | ။ | (၂) ကောသိယဝဂ် | ။ | (၁၀) ပါး | ၂၃ |
| (၂၂) | ။ | (၃) ပတ္တဝဂ် | ။ | (၁၀) ပါး | ၂၇ |
| (၂၃) | သုဒ္ဓပါစိတ် | (၁) မုသာဝါဒဝဂ် | ။ | (၁၀) ပါး | ၃၂ |
| (၂၄) | ။ | (၂) ဘူတဂါမဝဂ် | ။ | (၁၀) ပါး | ၃၅ |
| (၂၅) | ။ | (၃) ဘိက္ခုနောဝါဒဝဂ် | ။ | (၁၀) ပါး | ၃၉ |
| (၂၆) | ။ | (၄) ဘောဇနဝဂ် | ။ | (၁၀) ပါး | ၄၃ |
| (၂၇) | ။ | (၅) အစေလကဝဂ် | ။ | (၁၀) ပါး | ၄၆ |
| (၂၈) | ။ | (၆) သုရာပါနဝဂ် | ။ | (၁၀) ပါး | ၄၉ |
| (၂၉) | ။ | (၇) သပ္ပါဏကဝဂ် | ။ | (၁၀) ပါး | ၅၂ |
| (၃၀) | ။ | (၈) သဟဓမ္မိကဝဂ် | ။ | (၁၂) ပါး | ၅၆ |
| (၃၁) | ။ | (၉) ရတနဝဂ် | ။ | (၁၀) ပါး | ၆၁ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| (၃၂) | ပါဋိဒေသနီ သိက္ခာပုဒ် | | (၄) ပါး | ၆၅ |
| (၃၃) | သေခိယ (၁) ပရိမဏ္ဍလဝဂ် | သိက္ခာပုဒ် | (၁၀) ပါး | ၆၇ |
| (၃၄) | " (၂) ဥဇ္ဇဂ္ဃိကဝဂ် | " | (၁၀) ပါး | ၆၉ |
| (၃၅) | " (၃) ခမ္ဘကတဝဂ် | " | (၁၀) ပါး | ၇၁ |
| (၃၆) | " (၄) သက္ကစ္စဝဂ် | " | (၁၀) ပါး | ၇၃ |
| (၃၇) | " (၅) ကဗဠဝဂ် | " | (၁၀) ပါး | ၇၅ |
| (၃၈) | " (၆) သုရုသုရုဝဂ် | " | (၁၀) ပါး | ၇၇ |
| (၃၉) | " ပါဒုကဝဂ် | " | (၁၀) ပါး | ၇၉ |
| (၄၀) | အဓိကရဏ သမထ | | (၇) ပါး | |

**မှတ်ချက်။** အဓိကရဏသမထ (၇) ပါး ကို နိဒါန်း တွင် ဖော်ပြပြီး ဖြစ်၍ မရေး တော့ပါ။

# နိဒါန်း

## (၁) သိက္ခာပုဒ်ပညတ်ရာ (ဌာန) တိုင်းပြည်များ

၁။ ဝေသာလီပြည်၊
၂။ ရာဇဂြိုဟ်ပြည်၊
၃။ သာဝတ္ထိပြည်၊
၄။ အာဠဝီပြည်၊
၅။ ကောသမ္ဗီပြည်၊
၆။ သက္ကတိုင်း
၇။ ဘဂ္ဂတိုင်း ။

## (၂) အာပတ်သင့်ခြင်း၏အကြောင်း (၆) ပါး

၁။ အလဇ္ဇီတာ၊ အရှက်မရှိခြင်း ။
၂။ အညာဏတာ၊ မသိခြင်း ။
၃။ ကုက္ကုစ္စပကတတာ၊ အပ် မအပ်သံသယဖြစ်ခြင်း ။
၄။ အကပ္ပိယေ ကပ္ပိယသညိတာ၊ မအပ်သောအရာ၌ အပ်၏ဟု ထင်မှတ်ခြင်း ။
၅။ ကပ္ပိယေ အကပ္ပိယသညိတာ၊ အပ်သောအရာ၌ မအပ်ဟု ထင်မှတ်ခြင်း ။
၆။ သတိသမ္မောသာ၊ သတိလွတ်ကင်းခြင်း ။

## (၃) ရဟန်း (၈) မျိုး

၁။ ဧဟိဘိက္ခုဥပသမ္ပဒါ၊ ရဟန်း လာလော့ဟု ခေါ်ဆိုကာမျှဖြင့် ရဟန်းဖြစ်ခြင်း ။
၂။ သရဏဂမနူပသမ္ပဒါ၊ သရဏဂုံ (၃) ပါးဖြင့် ရဟန်းဖြစ်ခြင်း ။
၃။ ဩဝါဒပ္ပဋိဂ္ဂဟဏူပသမ္ပဒါ၊ ဩဝါဒကို ခံယူကာမျှဖြင့် ရဟန်းဖြစ်ခြင်း ။
၄။ ပဉှာဗျာကရဏူပသမ္ပဒါ၊ ပြဿနာကို ဖြေဆိုသဖြင့် ရဟန်းဖြစ်ခြင်း ။
၅။ အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊ ရှစ်ပါးသော ဂရုဓမ်တရားတို့ကို ဝန်ခံသဖြင့် ရဟန်းဖြစ်ခြင်း ။
၆။ ဒူတေနူပသမ္ပဒါ၊ တမန်စေလွှတ်၍ ရဟန်းဖြစ်ခြင်း ။
၇။ အဋ္ဌဝါစိကူပသမ္ပဒါ၊ ဉာတ်ကမ္မဝါစာ ရှစ်ကြိမ်ဖြင့် ရဟန်းဖြစ်ခြင်း ။
၈။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ၊ ဉတ်လျှင် (၄) မြောက်သော ကမ္မဝါစာဖြင့် ရဟန်းဖြစ်ခြင်း ။

(၄) ပသ္သတ် (၉) ပါး

| | |
|---|---|
| ၁။ မူလပသ္သတ်၊ | ပဌမဦးစွာ ပသ္သတ်ခြင်း ၊ |
| ၂။ အနုပသ္သတ်၊ | နောက်ထပ်ပသ္သတ်ခြင်း ၊ |
| ၃။ အနုပ္ပဗန္ဓပသ္သတ်၊ | ပြစ်မှုမပေါ်သေး မှီပသ္သတ်ခြင်း ၊ |
| ၄။ သဗ္ဗတ္ထပသ္သတ်၊ | အလုံးစုံသောအာရုဝ်ဋ္ဌအကြိုး ဝင်သောပသ္သတ်ခြင်း ၊ |
| ၅။ ပဒေသပသ္သတ်၊ | မဏ္ဍိမဒေသဋ္ဌသာအကြိုး ဝင်သောပသ္သတ်ခြင်း ၊ |
| ၆။ သာဓါရဏပသ္သတ်၊ | ရဟန်း ယောကျ်ား ၊ ရဟန်း မိန်းမ (၂) မျိုး လုံး ဆက်ဆံ သောပသ္သတ်ခြင်း ၊ |
| ၇။ အသာဓါရဏပသ္သတ်။ | (က) ရဟန်း မိန်းမတို့နှင့်မဆက်ဆံဘဲ၊ ရဟန်း ယောကျ်ား တို့အား သာဆက်ဆံ သော ပသ္သတ်ခြင်း ၊ |
| | (ခ) ရဟန်း ယောကျ်ား တို့နှင့်မဆက်ဆံဘဲ၊ ရဟန်း မိန်းမတို့အား သာဆက်ဆံ သော ပသ္သတ်ခြင်း ၊ |
| ၈။ ဧကတောပသ္သတ်၊ | (က) ရဟန်း ယောကျ်ား အတွက်သာ၊ သက်သက်သေ စေအပ် သောပသ္သတ်ခြင်း ၊ |
| | (ခ) ရဟန်း မိန်းမအတွက်သာ၊ သက်သက်သေ စေအပ် သောပသ္သတ်ခြင်း ၊ |
| ၉။ ဥဘတောပသ္သတ်၊ | ရဟန်း ယောကျ်ား ၊ ရဟန်း မိန်းမ (၂) ဦး လုံး ဆက်ဆံ သောပသ္သတ်ခြင်း ။ |

(၅) အာပတ် (၇) မျိုး

| | |
|---|---|
| ၁။ ပါရာဇိကအာပတ်၊ | (သာသနာ ဘောင်မှဆုံး ရှုံး ခြင်း သို့ရောက် သောအာပတ်ဖြစ်သည်)၊ |
| ၂။ သံဃာဒိသိသ်အာပတ်၊ | (သံဃာဖြင့်သာအပြစ်ကိုကုစား ရသော အာပတ်ဖြစ်သည်)၊ |
| ၃။ ထုလ္လစ္စည်း အာပတ်၊ | (ပါရာဇိကနှင့် သံဃာဒိသိသ်အာပတ်တို့မှတပါး အပြစ်အကြီး ဆုံးသောအာပတ်ဖြစ်သည်)၊ |
| ၄။ ပါစိတ်အာပတ်၊ | (ကုသိုလ်စိတ်ကိုကျ စေတတ် သောအာပတ်ဖြစ်သည်)၊ |
| ၅။ ပါဋိဒေသနီအာပတ်၊ | (အသီး အခြား ဒေသနာကြား ရသောအာပတ်ဖြစ်သည်)၊ |
| ၆။ ဒုက္ကဋ်အာပတ်၊ | (မကောင်း မှုကိုပြုတတ် သောအာပတ်ဖြစ်သည်)၊ |
| ၇။ ဒုဗ္ဘာသီအာပတ်၊ | (မကောင်း သဖြင့်ပြောဆိုအပ် သောအာပတ်ဖြစ်သည်)။ |

( ၆ ) ဝိပတ္တိ ( ၄ ) ပါး

၁။ သီလဝိပတ္တိ၊ ပါရာဇိကအာပတ်နှင့်သံဃာဒိသိသ်အာပတ်များသည် (သီလပျက်စီးခြင်းသို့ရောက်သောကြောင့်) သီလဝိပတ္တိ။

၂။ အာစာရဝိပတ္တိ၊ ထုလ္လစ္စည်း ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဒုဗ္ဘာသိ အာပတ် (၅) မျိုးတို့သည် (အကျင့်ပျက်စီးခြင်းသို့ရောက်သောကြောင့်) အာစာရဝိပတ္တိ။

၃။ ဒိဋ္ဌိဝိပတ္တိ၊ မိစ္ဆာဒိဋ္ဌိ-အန္တဂ္ဂါဟိက ဒိဋ္ဌိတို့သည် (အယူပျက်စီးခြင်းသို့ရောက်သောကြောင့်) ဒိဋ္ဌိဝိပတ္တိ၊

၄။ အာဇီဝဝိပတ္တိ၊ အသက်မွေးမှုကိုအကြောင်းပြု၍ ပညတ်တော်မူအပ်ကုန်သော သိက္ခာပုဒ် (၆) ပါးတို့သည် အာဇီဝဝိပတ္တိ။

မှတ်ချက်။ သိက္ခာပုဒ် (၆) ပါးတို့အဓိပ္ပါယ်ကို ဝိနည်းယအကျဉ်းပဒေသ စာမျက်နှာ (၁၉) တွင်ကြည့်ပါ။

( ၇ ) အာပတ်ဖြစ်ခြင်း အကြောင်း ( ၆ ) ပါး

၁။ ကာယော၊ ကိုယ်၊

၂။ ဝါစာ၊ နှုတ်၊

၃။ ကာယဝါစာ၊ ကိုယ်နှုတ်၊

၄။ ကာယစိတ္တံ၊ ကိုယ်စိတ်၊

၅။ ဝါစာစိတ္တံ၊ နှုတ်စိတ်၊

၆။ ကာယဝါစာစိတ္တံ၊ ကိုယ်နှုတ်စိတ်။

(ကိရိယာ)

(က) <u>ပြုခြင်း၏အစွမ်းအားဖြင့်</u>

<u>ပြုသောအာပတ်(၅)မျိုး</u>

၁။ ကိရိယ သမုဋ္ဌာန — မပြုအပ်သည်ကိုပြုခြင်း ကြောင့်ဖြစ်သောအာပတ်မျိုး ၊

၂။ အကိရိယ သမုဋ္ဌာန — ပြုအပ်သည်ကိုမပြုခြင်း ကြောင့်ဖြစ်သောအာပတ်မျိုး ၊

၃။ ကိရိယာကိရိယသမုဋ္ဌာန — မပြုအပ်သည်ကိုပြု၊ ပြုအပ်သည်ကိုမပြုခြင်း ကြောင့်ဖြစ်သောအာပတ်မျိုး ၊

၄။ သိယာကိရိယ သိယာ အကိရိယ သမုဋ္ဌာန၊ — ရံခါ မပြုအပ်သည်ကိုပြုခြင်း ကြောင့်ဖြစ်၍၊ ရံခါပြုအပ်သည်ကိုမပြုခြင်း ကြောင်းဖြစ်သောအာပတ်မျိုး ၊

၅။ သိယာကိရိယ၊ သိယာကိရိယာကိရိယ သမုဋ္ဌာန — ရံခါမပြုအပ်သည်ကိုပြုခြင်း ကြောင့်ဖြစ်၍ ရံခါ မပြုအပ်သည်ကိုပြု၊ ပြုအပ်သည်ကိုမပြုခြင်း ကြောင့်ဖြစ်သောအာပတ်မျိုး ။

(သညာ)

(ဃ) သညာ၏အစွမ်းအားဖြင့်

ပြားသောအာပတ်(၂)မျိုး

၁။ သညာဝိမောက္ခ — လွန်ကျူးလိုသောသညာမရှိက လွတ်နိုင်သောအာပတ်မျိုး ဖြစ်သည်။

၂။ နောသညာဝိမောက္ခ — လွန်ကျူးလိုသောသညာမရှိစေကာမူ မလွတ်နိုင်သောအာပတ်မျိုး ဖြစ်သည်။

(၁၀) <u>စိတ်၏အစွမ်း အား ဖြင့်</u>

<u>ပြား သောအာပတ် (၂) မျိုး</u>

၁။ သစိတ္တက၊ သစိတ္တက သမုဋ္ဌာန် ကြောင့်သာဖြစ် သောအာပတ် မျိုး ဖြစ်သည်၊

၂။ အစိတ္တက၊ အစိတ္တက သမုဋ္ဌာန် ကြောင့်ဖြစ် စေ၊ သစိတ္တကမိဿက၊ အစိတ္တက သမုဋ္ဌာန် ကြောင့်ဖြစ် စေ၊ ဖြစ် သောအာပတ် မျိုး ဖြစ်သည်။

(၁၁) <u>ဝဇ္ဇ၏အစွမ်း အား ဖြင့်</u>

<u>ပြား သောအာပတ် (၂) မျိုး</u>

၁။ လောကဝဇ္ဇ၊ လောကအပြစ်လည်း ရှိ၍ အာပတ်လည်း သင့် သောအာပတ် မျိုး ၊

၂။ ပဏ္ဏတ္တိဝဇ္ဇ၊ လောကအပြစ်ကား မရှိ၊ ဘုရား ပညတ်မှ သာအာပတ်သင့် သောအာပတ် မျိုး ။

(၁၂) <u>ကမ္မ၏အစွမ်း အား ဖြင့်</u>

<u>ပြား သောအာပတ် (၃) မျိုး</u>

၁။ ကာယကမ္မ၊ ကာယ ဒွါရ၌ ရောက် သောအာပတ် မျိုး ဖြစ်သည်၊

၂။ ဝစီကမ္မ၊ ဝစီ ဒွါရ၌ ရောက် သောအာပတ် မျိုး ဖြစ်သည်၊

၃။ ကာကမ္မ- ဒွါရနှစ်မျိုး လုံး ၌ ရောက် သောအာပတ် မျိုး ဖြစ်သည်။

ဝစီကမ္မ

(၁၃) အဓိကရုဏ်း (၄) ပါး

၁။ ဝိဝါဒါဓိကရုဏ်း ။ (ဓမ္မ အဓမ္မ စသော ဘေဒကရဝတ္ထု (၁၈) ပါး တို့ဖြင့်ငြင်း ခုံခြင်း သည်၊ ဝိဝါဒါဓိကရုဏ်း မည်၏)။

၂။ အနုဝါဒါဓိကရုဏ်း ။ (ဝိပတ္တိ ၄ ပါး တို့တွင်တပါး ပါး သောဝိပတ္တိဖြင့်စွတ်စွဲခြင်း သည်၊ အနုဝါဒါဓိကရုဏ်း မည်၏)။

၃။ အာပတ္တာဓိကရုဏ်း ။ (အာပတ် ၇ ပုံတို့သင့်ရောက်ခြင်း သည်၊ အာပတ္တာဓိကရုဏ်း မည်၏)။

၄။ ကိစ္စာဓိကရုဏ်း ။ (အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိ ဒုတိယကံ၊ ဉတ္တိစတုတ္ထကံ ၄ ပါး တို့တွင် တပါး ပါး သောကံပြုခြင်း သည် ကိစ္စာဓိကရုဏ်း မည်၏)။

(၁၄) သမထ (၇) ပါး ။

၁။ သမ္မုခါဝိနယ၊ (မျက်မှောက်အဓိကရုဏ်း ကိုငြိမ်း စေခြင်း ၊ သမ္မုခါဝိနည်း)၊

၂။ သတိဝိနယ၊ (ကဟန္တပုဂ္ဂိုလ်အား ပေး ရသော သတိဝိနည်း)၊

၃။ အမူဠှဝိနယ၊ (ရူး သွပ် သော ရဟန်း အား ပေး ရသော အမူဠှဝိနည်း)၊

၄။ ပဋိညာယ-ကါရေတဗ္ဗ သမထ (ဝန်ခံသဖြင့်ပြုအပ်သော သမထ)၊

၅။ ယေဘုယျသိကာ-သမထ (ဓမ္မဝါဒီပုဂ္ဂိုလ်များ ရသို့လိုက်၍ဆုံးဖြတ်ရသောသမထ)၊

၆။ တဿပါပိယျသိကာသမထ (ယုတ်မာသောရဟန်း အား ပြုရသောဝိနည်း)၊

၇။ တိဏဝတ္ထာရက သမထ (မစင်ကိုမြက်ဖြင့်ဖုံး လွှမ်း သကဲ့သို့အာပတ်ကိုဖုံး ဖိထား ရသောဝိနည်း)။

(၁၅) သိက္ခာပုဒ် ပညတ်ခြင်း အကျိုး (၁၀) ပါး

၁။ သံဃသုဋ္ဌုတာယ၊ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊

၂။ သံဃဖါသုတာယ၊ သံဃာတော်များ ချမ်းသာစေရန်၊

၃။ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ၊ အကျင့်သီလ ဖေါက်ဖျက်သူတို့ကို နှိမ်နင်းရန်၊

၄။ ပေသလာနံ ဘိက္ခူနံ ဖါသုဝိဟာရာယ၊ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်၊

၅။ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ၊ မျက်မှောက်ဘဝ၌ ဖြစ်ကုန်သော အာသဝေါတရားတို့ကို စောင့်စည်းရန်၊

၆။ သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ၊ နောင်ဖြစ်လတ္တံ့ကုန်သော အာသဝေါတရားတို့ကို ပယ်ရှားရန်၊

၇။ အပ္ပသန္နာနံ ပသာဒါယ၊ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်၊

၈။ ပသန္နာနံ ဘိယျောဘာဝါယ၊ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊

၉။ သဒ္ဓမ္မဋ္ဌိတိယာ၊ သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တန့်ရန်၊

၁၀။ ဝိနယာနုဂ္ဂဟာယ၊ ဝိနည်း စည်းမျဉ်း ဥပဒေကို ချီးမြှောက်ရန်။

(၁၆) <u>အာပတ်မသင့်သောပုဂ္ဂိုလ်(၆)မျိုး</u>

| | | |
|---|---|---|
| ၁။ | အဇာနန္တဿ၊ | မသိသောပုဂ္ဂိုလ်(အိပ်ပျော်နေလို့မသိလိုက်သည့်ပုဂ္ဂိုလ်မျိုး)၊ |
| ၂။ | အသာဒိယန္တဿ၊ | မသာယာသောပုဂ္ဂိုလ်(ဥပ္ပလဝဏ်ထေရီ ရဟန္တာမကဲ့သို့ပုဂ္ဂိုလ်မျိုး)၊ |
| ၃။ | ဥမ္မတ္တကဿ၊ | ရူးသောပုဂ္ဂိုလ်(မစင်မှန်းမသိအောင်ရူးသောပုဂ္ဂိုလ်မျိုး)၊ |
| ၄။ | ခိတ္တစိတ္တဿ၊ | စိတ်ပျံ့လွင့်သောပုဂ္ဂိုလ်(မစင်မှန်းမသိအောင်စိတ်ပျံ့လွင့်သောပုဂ္ဂိုလ်မျိုး)၊ |
| ၅။ | ဝေဒနာဋ္ဋဿ၊ | ဝေဒနာနှိပ်စက်လွန်း၍ဘာမှမသိသောပုဂ္ဂိုလ်မျိုး)၊ |
| ၆။ | အာဒိကမ္မိကာနဉ္စ၊ | အစအဦးလွန်ကျူးသောပုဂ္ဂိုလ်(ရှင်သုဒိန်ကဲ့သို့ပုဂ္ဂိုလ်မျိုး)။ |

သံဃာ ဒေသနာ သိက္ခာပုဒ် (၁၃) ပါး

သံဃာဖြင့် အပြစ်မှစင်ကြယ်အောင် ကုစားရသောသိက္ခာပုဒ်

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် (သုတ်လွှတ်ခြင်း) | သာဝတ္ထိပြည် | အရှင်သေယျသက | လက်ဖြင့်လုံ့လပြု၍သုတ်လွှတ်ခြင်း ကြောင့် သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ သုတ်လွှတ်လိုစိတ်ရှိခြင်း ။<br>၂။ လုံ့လပြုခြင်း ။<br>၃။ သုတ်လွှတ်ခြင်း ။ |
| ၂ | ကာယသံသဂ္ဂသိက္ခာပုဒ် (မိန်းမ၏ကိုယ်လက်ကိုဆွဲကိုင် သုံးသပ်ခြင်း) | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မိန်းမ၏ကိုယ်လက်အင်္ဂါကိုဆွဲကိုင်သုံးသပ်ခြင်း ကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ မိန်းမဖြစ်ခြင်း ၊<br>၂။ မိန်းမဟုမှန်းသိခြင်း ၊<br>၃။ ကိုင်တွယ်လိုစိတ်ရှိခြင်း ၊<br>၄။ လုံ့လပြုခြင်း ၊<br>၅။ ကိုင်တွယ်ခြင်း ။ |
| ၃ | ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် (မေထုန်နှင့်စပ်သောရိုင်းရင်းကြမ်းတမ်းသောစကားပြောဆိုခြင်း) | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မေထုန်နှင့်ဆိုင်သောညစ်ညမ်းစကား စကားပြောဆိုခြင်း ကြောင့်သိက္ခာပုဒ် ပညတ်တော်မူ၏။ | ၁။ မိန်းမဖြစ်ခြင်း ၊<br>၂။ မိန်းမဟုမှန်းသိခြင်း ၊<br>၃။ မေထုန်စကားပြောလိုစိတ်ရှိခြင်း ၊<br>၄။ မေထုန်စကားပြောခြင်း<br>၅။ ပြောသောအနက်ကိုသိခြင်း |

| အမှတ်စဉ် | သိစ္စာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၄ | အဘူတာရောစနပါစိတ် သိက္ခာပုဒ် (မိမိအလိုရှိသောကာမဂုဏ်ဖြင့်လုပ်ကျွေး ရခြင်း၏ ကျေးဇူးကို ပြောဆိုခြင်း) | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မေထုန်ဖြင့်လုပ်ကျွေး ရခြင်း၏ ကျေးဇူးကို ပြောဆိုခြင်း ကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ မိန်းမဖြစ်ခြင်း၊<br>၂။ မိန်းမမှန်း သိခြင်း၊<br>၃။ မေထုန်အလျှော်ခံလိုစိတ် ရှိခြင်း၊<br>၄။ ကျေးဇူးပြော၍ တောင်းခံခြင်း၊<br>၅။ အလျှော်ခံရသော မိန်းမကသိခြင်း။ |
| ၅ | သဉ္စရိတ္တသိက္ခာပုဒ် (မိန်းမနှင့်ယောကျ်ားကို အောင်သွယ်ခြင်း) | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မိန်းမနှင့်ယောကျ်ားကို အောင်သွယ် လုပ်ခြင်း ကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ မိန်းမ ယောကျ်ားဖြစ်ခြင်း၊<br>၂။ အောင်သွယ်ထိုက်ခြင်း၊<br>၃။ အောင်သွယ်မည့်တာဝန်ခံခြင်း၊<br>၄။ စုံစမ်းမေးမြန်းခြင်း၊<br>၅။ ပြန်ပြောခြင်း။ |
| ၆ | ကုဋိကာရသိက္ခာပုဒ် (ကျောင်းဒါယကာမရှိဘဲ ကိုယ်တိုင်တောင်း၍ ကျောင်းဆောက်ခြင်း) | အာဠဝီပြည် | အာဠဝီပြည်သားရဟန်းများ | လှူဒါန်းသူကျောင်းဒါယကာမရှိဘဲ မိမိအတွက်ကျောင်းငယ်ဆောက်ခြင်းကို၊ ဘုရားအထွာဖြင့် အလျား ၁၂ထွာ၊ အနံ ၇ထွာ နေရာကိုလွန်၍ ရဟန်းများမဘိတ်ကြားဘဲ ကျောင်းဆောက်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ကုဋီ – ၃ – မျိုးတွင်တမျိုးမျိုး ဖြစ်ခြင်း၊<br>၂။ ကုဋီအတိုင်းအတာရှိခြင်း၊<br>၃။ ကုဋီနေရာမသန့်ပြခြင်း၊<br>၄။ ပမာဏကိုလွန်ခြင်း၊<br>၅။ မိမိအတွက်ဖြစ်ခြင်း၊<br>၆။ နေထိုင်ဘို့ရာဖြစ်ခြင်း၊<br>၇။ အင်္ဂတေထိမ်းခြင်း။ |

| မှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
| --- | --- | --- | --- | --- | --- |
| ၇ | ဝိဟာရကာရသိက္ခာပုဒ် ( မိမိအတွက်ကျောင်းဒါယကာ ရှိလျက် – ဥပစာမရှိကျောင်း ကြီးနေရာကိုမပန်ကြားဘဲ ဆောက်ခြင်း ) | ကောသမ္ဗီပြည် | အရှင်ဆန္န | မိမိအတွက်ကျောင်းဒါယကာရှိပြီး လှည်းတစီးလှည့်လည်လောက်သော ဥပစာနေရာမရှိသောကြီးသောကျောင်းကို ရဟန်းတို့ကိုမပန်ကြားဘဲဆောက်လုပ်ခြင်းကြောင့် သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ ကုဋီ – ၃ – မျိုးတို့တွင်တမျိုးမျိုး ဖြစ်ခြင်း ၊<br>၂။ ကုဋီအတိုင်းအတာရှိခြင်း ၊<br>၃။ နေရာမသွန်ပြခြင်း ၊<br>၄။ မိမိအတွက်ဖြစ်ခြင်း ၊<br>၅။ နေထိုင်ဘို့ရာဖြစ်ခြင်း ၊<br>၆။ အင်္ဂတကောက်ဝဝ်လိမ်းကျံ ခြင်း ။ |
| ၈ | ဒုဋ္ဌဒေါသသိက္ခာပုဒ် ( ဒေါသထွက်၍ရဟန်းတပါးကို ပါရာဇိကအာပတ်ဖြင့်စွပ်စွဲ ခြင်း ) | ရာဇဂြိုဟ်ပြည် | မေတ္တိယဘုမ္မဇက ရဟန်း များ | အရှင်ဒဗ္ဗကို သာသနာတော်မှရွေ့လျော့စေ၍၊ ပါရာဇိကအာပတ်ဖြင့်စွပ်စွဲခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ရဟန်းကိုစွပ်စွဲခြင်း ၊<br>၂။ ပါရာဇိကမကျဟုအမှတ်ရှိခြင်း<br>၃။ စွပ်စွဲလောက်သောအခြေ အနေမရှိခြင်း ၊<br>၄။ သာသနာတော်မှရွေ့လျော့ စေ၍မျက်မှောက်စွပ်စွဲ ခြင်း ၊<br>၅။ စွပ်စွဲခံရသူကချက်ချင်းသိ ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၉ | ဒုတိယဒုဗ္ဗဒေါသသိက္ခာပုဒ် ( ဒေါသထွက်၍အခြားသတ္တဝါ၏အပေါ်ဆင်တူယိုးမှားတင်စါး၍ရဟန်းတပါးကို ပါရာဇိကအာပတ်ဖြင့်စွပ်စွဲခြင်း ) | ရာဇဂြိုဟ်ပြည် | မေတ္တိယဘုမဇကာရဟန်းများ | အရှင်ဒဗ္ဗကိုသာသနာတော်မှရွေ့လျော့စေ၍၊ အခြားသတ္တဝါ၏အပေါ်ဆင်တူယိုးမှားတင်စား၍ပါရာဇိကအာပတ်ဖြင့်စွပ်စွဲခြင်းကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏။ | ၁။ ရဟန်းကိုစွပ်စွဲခြင်း၊<br>၂။ ပါရာဇိကကဂုဟုအမှတ်ရှိခြင်း<br>၃။ စွပ်စွဲလောက်သောအခြေအနေမရှိခြင်း၊<br>၄။ သာသနာတော်မှရွေ့လျော့စေလို၍မျက်မှောက်စွပ်စွဲခြင်း၊<br>၅။ ရဟန်း၏အပြည့်ကိုအခြားသတ္တဝါအပေါ်တင်စားခေါ်ခြင်း၊<br>၆။ စွပ်စွဲခံရသောရဟန်းချက်ခြင်းသိခြင်း ။ |
| ၁၀ | သံဃဘေဒသိက္ခာပုဒ် ( သံဃာကွဲပြားအောင်အားထုတ်ခြင်း ) | ရာဇဂြိုဟ်ပြည် | အရှင်ဒေဝဒတ် | ဒေဝဒတ်သည်ညီညွတ်သောသံဃာကိုကွဲပြားအောင်အားထုတ်ခြင်းကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏ | ၁။ သံဃာကွဲအောင်အားထုတ်ခြင်း၊<br>၂။ ကမ္မဝါစာတ်၍သမနုဘာသနကံပြုခြင်း၊<br>၃။ ကမ္မဝါပြီးဆုံးခြင်း၊<br>၄။ အယူဝါဒကိုမစွန့်ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၁ | ဘေဒါနုဝတ္တကသိက္ခာပုဒ် (သံဃာကွဲပြား အောင်အား ထုတ်ရသော ရဟန်း၏နောက်သို့လိုက်၍ ဆောင်ရွက်ခြင်း) | ရာဇဂြိုဟ်ပြည် | ရဟန်း များ | သံဃာကွဲပြား အောင်အား ထုတ်သော အရှင်ဒေဝဒတ်၏ နောက်သို့အတူလိုက်၍ ဆောင်ရွက်ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ သံဃာသင်းခွဲသော ရဟန်း၏ နောက်လိုက်ဖြစ်ခြင်း ၊<br>၂။ ကမ္မဝါတတ်၍သမနုဘာသနက်ပြုခြင်း ၊<br>၃။ ကမ္မဝါစာပြီး ဆုံး ခြင်း ၊<br>၄။ အယူကိုမစွန့်ခြင်း ။ |
| ၁၂ | ဒုဗ္ဗစသိက္ခာပုဒ် (သိက္ခာပုဒ်ဖြင့်ဆိုဆုံး မခက်ခြင်း) | ကောသမ္ဗီပြည် | အရှင်ဆန္န | ပါတိမောက်လာသိက္ခာပုဒ်တို့ဖြင့် ၃-ကြိမ်ဆုံးမသော်လည်း ၊ အယူဝါဒကိုမစွန့်ခြင်း ကြောင့်သိက္ခာပုဒ်ပညတ် တော်မူ၏။ | ၁။ မဆိုမဆုံး မထိုက်သူဟု ပြောခြင်း ၊<br>၂။ ကမ္မဝါတတ်၍သမနုဘာသနက်ပြုခြင်း ၊<br>၃။ ကမ္မဝါပြီး ဆုံး ခြင်း ၊<br>၄။ အယူဝါဒမစွန့်ခြင်း ၊ |
| ၁၃ | ကုလဒူသကသိက္ခာပုဒ် (ဒါယကာ - ဒါယိကာမတို့၏ သဒ္ဓါတရား ကိုဖျက်ဆီးတတ်သော သိက္ခာပုဒ်) | သာဝတ္ထိပြည် | အဿဇိ ပုနဗ္ဗသုက | ပန်းပေးခြင်းစသည်ဖြင့် ဒါယကာ - ဒါယိကာမတို့၏ သဒ္ဓါတရား ကိုဖျက်ဆီးသော ရဟန်း ကိုသုံး ကြိမ်တိုင်ဆိုဆုံး မသော်လည်း အယူကိုမစွန့်ခြင်း ကြောင့်၂၅သိက္ခာပုဒ်ကိုပညတ် တော်မူ၏။ | ၁။ ဆိုဆုံးမသော ရဟန်း တို့အား ဆန္ဒါဂတိလိုက်သည် စသည် ပြောဆိုခြင်း ၊<br>၂။ ကမ္မဝါဥာတ်ဖြင့်သမနုဘာသနက်ပြုခြင်း ၊<br>၃။ ကမ္မဝါပြီး ဆုံး ခြင်း ၊<br>၄။ အယူဝါဒကိုမစွန့်ခြင်း ။ |

အနိယတ သိက္ခာပုဒ် (၂) အာပတ်မဖြေသောသိက္ခာပုဒ်

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | ပဌမအနိယတသိက္ခာပုဒ် (အာပတ်မဖြေသောသိက္ခာပုဒ်) ပါရာဇိကအာပတ်သံဃာဒိသေသအာပတ်၊ ပါစိတ်အာပတ်တို့ဖြင့်ယုံကြည်ထိုက်သည့်အတိုင်းဆုံးဖြတ်အပ်၏။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မိန်းမနှင့်နှစ်ယောက်ထဲမေထုန်မှီဝဲဘို့ရန်အကာအရံရှိသောနေရာ၌နေထိုင်ခြင်းကြောင့်သိက္ခာပုဒ်ပညတ်တော်မူ၏။ | ပါရာဇိက အင်္ဂါ။<br>သံဃာဒိသိသ် အင်္ဂါ။<br>ပါစိတ် အင်္ဂါ။<br>ထိုက်သင့်ရာဖြင့်ဆုံးဖြတ်အပ်၏။ |
| ၂ | ဒုတိယအနိယသိက္ခာပုဒ်။ (အာပတ်မဖြေသောသိက္ခာပုဒ်) သံဃာဒိသိသ်အာပတ်၊ ပါစိတ်အာပတ်တို့တွင်တပါးပါးဖြင့်ယုံကြည်ထိုက်သည့်အတိုင်းဆုံးဖြတ်အပ်၏။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | မိန်းမနှင့်နှစ်ယောက်ထဲကာမဂုဏ်စကားပြောဘို့ရန်လွယ်ကူသောနေရာ၌ထိုင်နေခြင်းကြောင့်သိက္ခာပုဒ်ပညတ်တော်မူသည်။ | သံဃာဒိသေသ အင်္ဂါ။<br>ပါစိတ် အင်္ဂါ။<br>ထိုက်သင့်ရာဖြင့်ဆုံးဖြတ်အပ်၏။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်အဓိပ္ပာယ် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၃ | တတိယ-ဣထိနသိက္ခာပုဒ်<br>သင်္ကန်း ခံယူရာကာလမဟုတ်တဲ့ အခါမဲ့ကာလ၌အလှူခံရသောသင်္ကန်းကို တလထက်ကျော်လွန်၍ထားခြင်း ။ | သာဝတ္ထိပြည် | ရဟန်း များ | ရဟန်းများတို့သည်သင်္ကန်း ခံယူရာကာလမဟုတ်တဲ့ အခါမဲ့ကာလ၌သင်္ကန်းကိုအလှူခံယူ၍တလထက်အလွန် (အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ) သိမ်းထားခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ မိမိသင်္ကန်း ဖြစ်ခြင်း ၊<br>၂။ နေ့ရက်အရေအတွက်သို့ ရောက်ခြင်း ၊<br>၃။ သင်္ကန်း ကြောင့်ကြ၊ ကျောင်း ကြောင့်ကြမှတို့မှပြတ်ကင်းခြင်း ၊<br>၄။ အပိုသင်္ကန်း ဖြစ်ခြင်း ၊<br>၅။ တလထက်ကျော်လွန်ခြင်း ။ |
| ၄ | ပုရာဏစီဝရသိက္ခာပုဒ်<br>ဆွေမျိုး မတော်စပ်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွတ်ဆိုး လျှော်နိုင်း ခြင်း။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | အရှင်ဥဒါယီသည် ဆွေမျိုး မတော်စပ်သောဘိက္ခုနီမအား ၊ သင်္ကန်း ဟောင်းကိုဖွတ်ဆိုး လျှော်နိုင်း ခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ သင်္ကန်း ဟောင်းဖြစ်ခြင်း ၊<br>၂။ ၁၂-တောင်ဥပစာ၌နေ၍ ဆွေမျိုး မတော်စပ်သောဘိက္ခုနီမကို စေခိုင်းခြင်း ၊<br>၃။ ထိုဘိက္ခုနီမက ဖွတ်ဆိုး လျှော်တခုခုကိုပြုလုပ်ခြင်း ။ |
| ၅ | စီဝရပဋိဂ္ဂဟသိက္ခာပုဒ်<br>လဲ၍ယူခြင်း မဟုတ်ဘဲ ဆွေမျိုး မတော်စပ်သောဘိက္ခုနီမ၏ သင်္ကန်း ကိုအလှူခံယူခြင်း ။ | ရာဇဂြိုဟ်ပြည် | အရှင်ဥဒါယီ | အရှင်ဥဒါယီသည် လဲယူခြင်း မဟုတ်ဘဲ ဆွေမျိုး မတော်စပ်သောဘိက္ခုနီမ၏ လက်မှသင်္ကန်း ကိုအလှူခံယူခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ အဓိဋ္ဌာန်ဝိကပ္ပနာ လောက်သောသင်္ကန်း ဖြစ်ခြင်း ၊<br>၂။ လဲလှယ်မှုမရှိခြင်း ၊<br>၃။ ဆွေမျိုး မတော်စပ်သောဘိက္ခုနီမ၏လက်မှခံယူခြင်း ။ |

| သိက္ခာပုဒ်နှင့်အာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|
| **အညာတကဝိညတ္တိသိက္ခာပုဒ်**<br>ဆွေမျိုးမတော်စပ်သောလူဒါယကာ ဒါယိကာမကို (သင်္ကန်းအလုခံရခြင်း ၊ သင်္ကန်းပျက်စီးခံရခြင်းမှတပါး) သင်္ကန်းကို တောင်းခြင်း။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | သာကီဝင်မင်းသားအရှင်ဥပနန္ဒသည် ဆွေမျိုးမတော်စပ်သောသူ သူဌေးသားအား သင်္ကန်းကို တောင်းခံခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော သင်္ကန်းဖြစ်ခြင်း ၊<br>၂။ သင်္ကန်း အလုခံရခြင်း၊ သင်္ကန်းပျက်စီးခြင်းမျိုး မဟုတ်ခြင်း၊<br>၃။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏လက်မှ ခံယူခြင်း ။ |
| **တတုတ္တရိသိက္ခာပုဒ်**<br>သင်္ကန်းအလုခံရခြင်း၊ သင်္ကန်းပျက်စီးခြင်း ခံရသောရဟန်းကို ဆွေမျိုးမတော်စပ်သော ဒါယကာ - ဒါယိကာမတို့ဖိတ်မံချက် အရအလှူခံရာတွင် (နှစ်ထည်) ထက်ပိုလွန်၍အလှူခံခြင်း။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် အတိုင်းအရှည်ပမာဏကို မသိဘဲ များစွာသော သင်္ကန်းတို့ကိုအလှူခံယူခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ နှစ်ထည်ထက်ပိုလွန်ခြင်း ၊<br>၂။ သင်္ကန်း အလုခံရခြင်း ၊ သို့မဟုတ် သင်္ကန်း ပျက်စီးခြင်း ခံရခြင်း ၊<br>၃။ ဆွေမျိုးမတော်စပ်သူဖိတ်မံမထားသူကိုတောင်း ခံခြင်း<br>၄။ တောင်း၍သင်္ကန်းရခြင်း ၊ |
| **ပဌမဥပက္ခဋသိက္ခာပုဒ်**<br>ဆွေမျိုးမတော်စပ်သူဖိတ်မံထားသူမဟုတ်သော ဒါယကာ ဒါယိကာမက ရဟန်းကို ရည်စူး၍သင်္ကန်းဘိုး စုထားရာဝယ် ထိုအလှူ့ရှင်ထံသင်္ကန်းဘိုး ထက်ထူးထူး တွေတွေ စီမံခြင်း။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | သာကီဝင်မင်းသားအရှင်ဥပနန္ဒသည် ဆွေမျိုးမတော်ဖိတ်မံမထား သောသူထံ သို့သွား၍ ရည်မှန်းသည်ထက်သင်္ကန်း ရရှိရေး အတွက်စီမံဆောင်ရွက်ခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ အပိုအလွန်ကိုအလိုရှိခြင်း ၊<br>၂။ ဆွေမျိုးမတော်စပ်သူဖိတ်မံမထားသူကို တောင်းခံခြင်း<br>၃။ တောင်းခံခြင်း ကြောင့် သင်္ကန်း ရရှိခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၉ | <u>ဒုတိယဥပက္ခဋသိက္ခာပုဒ်</u><br>ဆွေမျိုးမတော်စပ်သူ ဖိတ်မံထားသူမဟုတ်သော ဒါယိကာ ဒါယိကာမ(နှစ်ဦးတို့က) ရဟန်းကိုရည်စူးသင်္ကန်းဘိုးစုထားရာဝယ်၊ ဆွမ်းအလှူရှင်များထံတဦးတည်းစီလှူခြင်းထက် နှစ်ဦးပေါင်း၍တထည်တည်းဖြစ်စေ၍၊ ရည်မှန်းထားသည်ထက်ပိုမိုကုန်ကျအောင်စီမံခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | သာကီဝင်မင်းသား အရှင်ဥပနန္ဒသည် ဆွေမျိုးမတော်ဖိတ်မံမထားသောသူများထံသို့သွား ရောက်၍ ရည်မှန်းထားသည်ထက်သင်္ကန်းများ ရရှိရေးအတွက်စီမံဆောင်ရွက်ခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ အပိုအလွန်ကိုအလိုရှိခြင်း၊<br>၂။ ဆွေမျိုးမတော်သူဖိတ်မံမထားသူတို့ထံ တောင်းခံခြင်း၊<br>၃။ တောင်းခံခြင်းကြောင့် သင်္ကန်းရရှိခြင်း ။ |
| ၁၀ | <u>ရာဇသိက္ခာပုဒ်</u><br>သင်္ကန်းကိုအလိုရှိပါကအလှူခံတို့ ရန်ဖိတ်မံထားသူထံ စေတနာပျက်လောက်အောင်နှုတ်မြွက်၍၄င်း၊ နှုတ်မမြွက်ဘဲရပ်၍၄င်း အဖန်ဖန်အလှူခံခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | သာကီဝင်မင်းသားအရှင်ဥပနန္ဒသည် သင်္ကန်းလှူဒါန်းမည့်သူဒါယကာက ခေတ္တဆိုင်းငံ့ပါဦးဟုပြောကြားသည်ကိုနားမထောင်ဘဲပြုခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ ရဟန်းညွှန်ပြသော ကပ္ပိယပုဂ္ဂိုလ်ဖြစ်ခြင်း၊<br>၂။ ရဟန်းအား ပြောကြားခြင်း၊<br>၃။ ၃-ကြိမ်တောင်းခြင်း၊ ၆-ကြိမ်ရပ်ခြင်းထက်ပိုမိုအားထုတ်ခြင်း၊<br>၄။ ထိုအားထုတ်မှုကြောင့်ရခြင်း |

| အမှတ်စဉ် | သိင်္ဗောပုဒ်နှင့်ဘာသာပြန် | ပညာရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၁ | <u>ဗောသိယသိက္ခာပုဒ်</u><br>ပိုးချည်နှင့်ရောထားသော အခင်းကိုပြုလုပ်ခြင်း ။ | အာဠဝီပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါးတို့သည် ပိုးချည်ကိုပြုလုပ်သူတို့ထံသို့ချဉ်းကပ်၍၊ ပိုးချည်တို့ကိုယက်ကြကုန်၊ ငါတို့အားလည်းပေးကြကုန်၊ ငါတို့သည်ပိုးချည်နှင့်ရောသော အခင်းကိုပြုလုပ်လိုကုန်၏ဟု တောင်းခံခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ ပိုးချည်ဖြင့်ရောနှောခြင်း<br>၂။ မိမိအတွက်ပြုလုပ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |
| ၁၂ | <u>သုဒ္ဓကာဠကသိက္ခာပုဒ်</u><br>အဖြူအနီအကြောင်အကျားအဆင်းတို့နှင့်မရောဘဲအနက်ရောင်သက်သက်ရှိသော သိုးမွေးတို့ဖြင့်အခင်းပြုလုပ်ခြင်း။ | ဝေသာလီပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါးတို့သည် အဖြူအနီအကြောင်အကျားအဆင်းတို့နှင့်မရောဘဲအနက်ရောင်သက်သက်ရှိသောအခင်းကိုပြုလုပ်ခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ အနက်ရောင်သိုးမွေးဖြစ်ခြင်း ၊<br>၂။ မိမိအတွက်ပြုလုပ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |

| အမှတ်စဉ် | သိပ္ပံပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဒ်မ | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၃ | ဒွေဘာဂသိက္ခာပုဒ်<br>အခင်းပြုလုပ်ခြင်း နှင့်စပ်လျဉ်း၍ (၁) အဖြူရောင် ၊ (၂) အညိုအရွှေစသောကြောင် သောအဆင်းရှိသောသိုးမွေး (၁) ဆ ၊ ထို့ပြင် (၃) အနက်ရောင်သိုး မွေးကိုမူ (၂) ဆကိုထက်ပို၍ထည့်ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း ( ၆ ) ပါး တို့သည်အခင်းကို ပြုလုပ်ရာတွင် (၁) အဖြူရောင်သိုး မွေး ၂ဆ ၊ (၂) အညိုအရွှေစသောကြောင်သော အဆင်းရှိသောသိုး မွေး ၁ဆ ၊ ထို့ပြင် (၃) အနက်ရောင်သိုး မွေး ကိုမူ ၂ဆထက် ပိုမိုထည့်၍အခင်းကိုပြုလုပ်ခြင်း ကြောင့် ပညတ်တော်မူ၏ ။ | ၁။ အခြား သောသိုး မွေးတို့ ထက်အနက်ရောင်သိုးမွေး က (၂) ဆထက်ပိုလွန်ခြင်း ၊<br>၂။ မိမိအတွက်ပြုလုပ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |
| ၁၄ | ဆဗ္ဗဿသိက္ခာပုဒ်<br>သိုး မွေး အခင်း ကိုပြုလုပ်ပြီး ( ၆ ) နှစ်တွင်း ဝယ် (ဂိလာနမဟုတ်ဘဲ) အသစ် အခင်း ကိုတောင်း ခံခြင်း။ | သာဝတ္ထိပြည် | ရဟန်း များ | ရဟန်း အများ တို့သည် နှစ်စဉ်နှစ်တိုင်း သိုး မွေး အခင်း များ ကိုပြုလုပ် ခြင်း ကြောင့်ပညတ်တော်မူ၏ ။ | ၁။ အခင်း အသစ်ပြုလုပ်ခြင်း ၊<br>၂။ မိမိအတွက်ဖြစ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |

| အမှတ်စဉ် | သိမ္မာပုဒ်နှင့်အာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၅ | နိသီဒနသိက္ခာပုဒ်<br>နေရာထိုင်ခင်းကိုပြုလုပ်ရာတွင် အခင်း ဟောင်း မှဘုရား၏အထွာတော် ဖြင့်(၁)ထွာပပ ကမှ လေါက် ဖြတ်၍အခင်းသစ်အတွင်း၌ ထည့်သွင်း မပြုလုပ်ခြင်း ။ | သာဝတ္ထိပြည် | ရဟန်း အများ | ရဟန်းတို့သည် နေရာထိုင်ခင်းများကို ချုပ်လုပ်၍အရညကင်စုတင် ဆောက်တည်ရာ၌ ၄င်း ၊ ပိဏ္ဍပါတ်စုတင် ဆောက်တည်ရာ၌ ၄င်း ၊ ပံ့သုကူစုတင် ဆောက်တည်ရာ၌ ၄င်း အသုံး ပြုကြကုန်သော ကြောင့် ပညတ်တော်မူ၏။ | ၁။ အခင်းသစ်အတွင်း၌ အခင်း ဟောင်း ကိုမထည့်သွင်းဘဲ ပြုလုပ်ခြင်း ၊<br>၂။ မိမိအတွက်ဖြစ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |
| ၁၆ | ဧဠကလောမသိက္ခာပုဒ်<br>သိုးမွေးတို့ကိုအလျှံခံရ၍ ၃-ယူဇနာထက်လွန်၍ကိုယ်တိုင် ဆောင်ယူသွားခြင်း။ | သာဝတ္ထိပြည် | အမည်နာမမထင်ရှားသော ရဟန်းတပါး | အမည်နာမအားဖြင့်မထင်ရှားသော ရဟန်း တော်တပါး သည်သိုး မွေးတို့ကို ၃ယူဇနာထက်လွန်၍ကိုယ်တိုင်ယူ ဆောင် သွားခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ အဝတ်အထည်မပြုလုပ်ရသေး သောသိုးမွေးဒိုးသက်သက် ဖြစ်ခြင်း ၊<br>၂။ ရရှိခြင်း ၊<br>၃။ ကိုယ်တိုင် ၃-ယူဇနာထက်လွန် ၍ယူ ဆောင်သွားခြင်း ၊<br>၄။ အသွားအပြန် ဆောင်ယူခြင်း မျိုး မဟုတ်ခြင်း ၊<br>၅။ နေထိုင်ဘို့ရန် ရည်ရွယ်ချက် မရှိခြင်း ၊<br>( နေထိုင်လို၍ယူသွား သော်အပြစ်မရှိ)။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်အာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၇ | ဧဠကလောမဓောဝါပန သိက္ခာပုဒ်<br>ဆွေမျိုး မတော်စပ်သော ဘိက္ခုနီမကိုသုံး မွေးတို့ကိုလျှော်ဖွတ်ခိုင်းခြင်း။ | သက္ကတိုင်း | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး တို့သည် ဆွေမျိုး မတော်စပ်သော ဘိက္ခုနီမတို့အားသုံး မွေးတို့ကို လျှော်ဖွတ်ခိုင်းခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဆွေမျိုး မတော်စပ်သော ဘိက္ခုနီ မဖြစ်ခြင်း၊<br>၂။ လျှော်ဖွတ်ခိုင်းခြင်း ။ |
| ၁၈ | ရူပိယသိက္ခာပုဒ်<br>ရွှေငွေကိုအလှူခံယူခြင်း။ | ရာဇဂြိုဟ်ပြည် | သာကီဝင်မင်းသား အရှင်ဥပနန္ဒ | သာကီဝင်မင်းသားဖြစ်သောအရှင်ဥပနန္ဒသည် ရွှေငွေကိုအလှူခံယူခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ ရွှေငွေဖြစ်ခြင်း၊<br>၂။ မိမိအတွက်ဖြစ်ခြင်း ။<br>၃။ ကိုယ်တိုင် ( သို့မဟုတ် ) သူတပါးအား ခံယူခြင်း၊ ခံယူစေခြင်း ။ |
| ၁၉ | ရူပိယသံဝေါဟာရသိက္ခာပုဒ်<br>ရွှေငွေနှင့်ပစ္စည်း လဲလှယ်ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး တို့သည် ရွှေငွေနှင့်အထူးထူး အပြားသောပစ္စည်းတို့နှင့်လဲလှယ်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ လဲလှယ်အပ်သောဝတ္ထု၊ လဲလှယ်ကြောင်း ဝတ္ထု၂ ဆို့တွင်တခုခုအကျိုး ရွှေငွေဖြစ်ခြင်း၊<br>၂။ လဲလှယ်ခြင်း ။ |
| ၂၀ | ကယဝိက္ကယသိက္ခာပုဒ်<br>ကုန်ရောင်းကုန်ဝယ်ပြုခြင်း<br>( အရောင်းအဝယ်ပြုခြင်း ) | သာဝတ္ထိပြည် | သာကီဝင်မင်းသား အရှင်ဥပနန္ဒ | အရှင်ဥပနန္ဒသည် ပရိဗိုဇ်ရဟန်းနှင့် အတူအရောင်းအဝယ်ပြုခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ ကပ္ပိယဝတ္ထုရဟန်းတို့အား အပ်သောပစ္စည်းဖြစ်ခြင်း၊<br>၂။ သိတင်းသုံးဘော်မဟုတ်ခြင်း၊<br>၃။ ရောင်းဝယ်မှုကိုရောက်ခြင်း ။ |

| သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|
| ပဌမသိက္ခာပုဒ်<br>ဆယ်ရက်ထက်အလွန် (အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ်သော) အပိုသပိတ်ကို ဆောင်ထားခြင်း၊ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း ( ၆ ) ပါး တို့သည်ဆယ်ရက်ထက်အလွန် (အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ်သော အပိုသပိတ်ကို ဆောင်ယူထားခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ မိမိသပိတ်ဖြစ်ခြင်း ၊<br>၂။ နေ့ရက်အရေအတွက်သို့ ရောက်ခြင်း ၊<br>၃။ အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ်သောအပိုသပိတ်ဖြစ်ခြင်း ၊<br>၄။ ဆယ်ရက်ထက် ကျော်လွန်ခြင်း။ |
| ဦနပဉ္စဗန္ဓနသိက္ခာပုဒ်<br>ဖွဲ့ရာ - ချုံ ရာ ( ၅ ) ချက်မပြည့်သေး သောသပိတ်ရှိလျက် သပိတ်သစ်ကို တောင်းခံခြင်း၊ | သက္ကတိုင်း | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း ( ၆ ) ပါး တို့သည်အနည်းငယ်ပဲ့ကာမျှဖြင့်၄င်း ၊ ပဲ့ကာမျှဖြင့်၄င်း သပိတ်များ စွာတို့ကိုအလျှုခံယူခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ အဓိဋ္ဌာန်တင်လောက်သော သပိတ်ဖြစ်ခြင်း ၊<br>၂။ မိမိအတွက်ဖြစ်ခြင်း ၊<br>၃။ အလျှုခံပါဟု မဖိတ်ဘူးသူထံ တောင်းခံခြင်း ၊<br>၄။ တောင်း၍ရရှိခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၃ | ဘေသဇ္ဇသိက္ခာပုဒ်<br>ထောပတ်-ဆီဥ၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ပဉ္စသုံးပါးမျိုးတို့ကို ဆေးအဖြစ်အကပ်ခံပြီး နေ့ကို ၇-ရက်ထက်ကျော်လွန်၍သိမ်းဆည်းထားခြင်း။ | သာဝတ္ထိပြည် | ရဟန်းအများ | ရဟန်းတို့သည်မကျန်းမာသောအခါ သုံးဆောင်ရန် ထောပတ်-ဆီဥ၊ ဆီ၊ ပျားရည်၊ တင်လဲပဉ္စသုံး ပါးမျိုးတို့ကိုအကပ်ခံပြီး နေ့ကို ၇-ရက်ထက်ကျော်လွန်၍ သိမ်းဆည်းထားခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ မိမိပစ္စည်းဖြစ်ခြင်း၊<br>၂။ နေ့ရက်အရေအတွက်သို့ ရောက်ခြင်း၊<br>၃။ ၇-ရက်ထက်ကျော်လွန်၍ သိမ်းဆည်းထားခြင်း။ |
| ၄ | ဝဿိကသာဋိကသိက္ခာပုဒ်<br>မိုးရေခံသင်္ကန်းကိုရှာရာခေတ်၊ ချုပ်ဆိုး၍ဝတ်ရာခေတ်ကာလမဟုတ်ဘဲ ရှာချုပ်ဝတ်ခြင်း။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါးတို့သည်မိုး ရခံ သင်္ကန်း၏ရှာရာခေတ် ချုပ်ဆိုး၍ဝတ်ရာ ခေတ်ကာလမဟုတ်ဘဲ အခါမဲ့ကာလ၌ရှာ ချုပ်ဝတ်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ မိမိအတွက်ဖြစ်ခြင်း၊<br>၂။ အခါမဟုတ်ဘဲရှာခြင်း၊<br>၃။ ရှာ၍ရခြင်း။ |
| ၅ | စီဝရအစ္ဆိန္နသိက္ခာပုဒ်<br>မိမိ၏ဝေယျာဝစ္စကြီးငယ်ကို လုပ်ပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့်ရဟန်းအား သင်္ကန်းကိုပေးပြီး နောက် မျှော်လင့်ချက်မကိုက်ညီသော အခါ ပေးပြီးသောသင်္ကန်း ကိုလုယူစေခြင်း။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | အရှင်ဥပနန္ဒသည်မိမိ၏ဝေယျာဝစ္စကြီး ငယ်ကိုလုပ်ပေးလိမ့်မည်ဟူသောမျှော် လင့်ချက်ဖြင့်ရဟန်းတပါးအား ကိုယ်တိုင် သင်္ကန်းကိုပေးပြီးသည့်နောက်ပိုင်း၌ မျှော်လင့်ချက်အတိုင်း မကိုက်ညီ၍ အမျက် ထွက်ပြီး ပြန်၍လုယူခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ အဓိဋ္ဌာန်ဝိကပ္ပနာလောက် သောသင်္ကန်းဖြစ်ခြင်း၊<br>၂။ ကိုယ်တိုင်ပေးခြင်း၊<br>၃။ ကိုယ်ဥစ္စာဟုအမှတ်ရှိခြင်း၊<br>၄။ အလုခံရသူကရဟန်းဖြစ်ခြင်း၊<br>၅။ စိတ်ဆိုး၍လုခြင်း။ |

| စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၂၆ | <u>သုတ္တဝိညတ္တိ သိက္ခာပုဒ်</u><br>ကိုယ်တိုင်ချည်ကို တောင်း၍ ရက်ကန်းသည်တို့ထံသွား၍ သင်္ကန်း ကိုယက်စေခြင်း ။ | ရာဇဂြိုဟ်ပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် ဆွေမျိုးမ တော်စပ်သူ ဖိတ်ဝါမံ မယား သူတို့ထံသို့ကိုယ် တိုင်ချည်ကို တောင်းပြီး ရက်ကန်း သည် တို့အား သင်္ကန်း ယက်လုပ်စေခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ သင်္ကန်း ကိုယက်ရန် တောင်း သော ချည်ဖြစ်ခြင်း ၊<br>၂။ မိမိအတွက်ဖြစ်ခြင်း ၊<br>၃။ မအပ်သောနည်း ဖြင့် တောင်းခြင်း ၊<br>၄။ မအပ်သောနည်း ဖြင့်ယက် စေခြင်း ။ |
| ၂၇ | <u>မဟာပေသကာရသိက္ခာပုဒ်</u><br>သင်္ကန်း လျှမည့်အလျှုရှင်က မ ဖိတ်ဘဲ ရက်ကန်းသည်ထံသွား၍ နဂိုရ်ရှည်မှန်း ထား သော ချည်ထက်ပိုမို၍ ကုန်ကျ အောင် စီမံခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥပနန္ဒ | အရှင်ဥပနန္ဒသည်သင်္ကန်း လှူဒါန်း သည့် အလှူရှင်က ဖိတ်ကြားထားခြင်းမရှိဘဲ ဆွေ မျိုး မတော်စပ်သော ရက်ကန်း သည်တို့ ထံသို့သွား၍ ရည်မှန်း ထား သည်ထက်ပို မိုကုန်ကျ အောင်စီမံခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ ဆွေမျိုး မတော်စပ်သော ဖိတ်ကြားထားခြင်းမရှိ သော အလှူရှင်တို့ကယက်ခိုင်း သော ရက်ကန်း သည်ထံသွား၍ ပို လွန် အောင်စီမံခြင်း ၊<br>၂။ မိမိသင်္ကန်း ဖြစ်ခြင်း ၊<br>၃။ ရဟန်း၏စကား ကြောင့် ချည်ပိုကုန်ခြင်း ၊<br>၄။ သင်္ကန်း ကိုရခြင်း ။ |

| မှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ် ရာတိုင်းပြည် | အကြောင်း ပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၂၈ | အနေ္တကစီဝရသိက္ခာပုဒ် | သာဝတ္ထိပြည် | ရဟန်း အများ | ရဟန်းတို့သည်သင်္ကန်း အလှူခံယူရာကာလ မဟုတ်ဘဲ ခရီးသွားမည့်သူစသောအလှူ ရှင်များ ပေါ် ပေါက်၍အလှူခံသူရှိပြီး သောသင်္ကန်း ကိုအလှူခံယူရာသတ်မှတ် သော ကာလထက်အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲထားခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ မိမိပိုင်သင်္ကန်း ဖြစ်ခြင်း၊<br>၂။ သင်္ကန်း အလှူခံယူရာ မဟုတ်သောသီတင်း ကျွတ်လပြည့်မတိုင်မှီ (၁၀) ရက်အတွင်း၌ ရအပ်ခြင်း ၊<br>၃။ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုခြင်း ၊<br>၄။ သင်္ကန်း ကာလကိုလွန် အောင်ထားခြင်း ။ |
| ၂၉ | သာသင်္ကသိက္ခာပုဒ်<br>တောကျောင်း နေတိစီဝ ဆိုက်သင်္ကန်း အောင်ပုရိမဝါကဝ် ရဟန်း သည်သီတင်းကျွတ်လပြည့် ကျော် ၁ ရက် နေ့မှတန် ဆောင် မုန်းလပြည့် နေ့အထိ ၁လအတွင်း၌ ဘေးရန်ရှိခဲ့သော် ဆွမ်းခံ ရာ၌ ၃ထည်အနက် တထည် ထည်ကိုထားနိုင်၏။ နေမြဲကျောင်း မှအခြားကျောင်းသို့သွားခဲ့ သော် (၆) ညဉ့်ထက် ကျော်လွန် ၍သင်္ကန်းနှင့်ကင်းကွာနေခြင်း။ | သာဝတ္ထိပြည် | ရဟန်း အများ | ရဟန်းတို့သည် တောကျောင်း၌ နေထိုင်ကြပြီး ပုရိမဝါကဝ်၍သီတင်း ကျွတ် သောအခါ၊ သီတင်း ကျွတ်လပြည့် ကျော် ၁ ရက် နေ့မှ တန်ဆောင်မုန်းလပြည့် နေ့အထိ(၁) တလအတွင်း ၌ ဘေး အန္တရာယ် ရှိခဲ့သော် ဆွမ်းခံရာ၌သင်္ကန်း ၃-ထည်တို့တွင် တထည်ထည်ကိုဆွမ်း ခံရာ၌ထား နိုင်၏။ နေမြဲကျောင်း မှအခြား ကျောင်း သို့ပြောင်း ရွှေ့သွား ခဲ့သောအဆို ပါသင်္ကန်း နှင့်၆ညဉ့်ထက်အလွန်ကင်း ကွာ၍နေခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ အဓိဋ္ဌာန်တင်အပ် သောတိစီဝရိတ်သင်္ကန်း ဖြစ်ခြင်း၊<br>၂။ ကထိန်မခင်း ခြင်း ၊<br>၃။ မကျန်းမာ၍ ခွင့်ပြုခံရသော ပုဂ္ဂိုလ်မဟုတ်ခြင်း ၊<br>၄။ ၆-ညဉ့်ထက်ပို၍ကင်းခြင်း။ |

| မှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၀ | ပရိက္ခတသိက္ခာပုဒ်<br>သံဃာ၌ ရည်မှန်းထားသော အလှူပစ္စည်း မှန်းသိလျက် မိမိသို့ ရရှိအောင် ခံယူခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း ( ၆ ) ပါးတို့သည် သံဃာအား လှူဒါန်း ရန် ရည်မှန်းထားအပ်သော အလှူပစ္စည်း မှန်း သိလျက် မိမိတို့ ရရှိအောင် ဆောင်ရွက်ခြင်း ကြောင့် ပညတ်တော်မူ၏ ။ | ၁။ သံဃာအား လှူရန် ရည်မှန်းပြီး ဖြစ်ခြင်း ၊<br>၂။ ထိုသို့ ရည်မှန်းပြီး ကြောင်း သိလျက်နှင့် မိမိသို့ ရအောင် အားထုတ်ခြင်း ၊<br>၃။ ရရှိခြင်း ။ |

## (၁) သုဓမ္မ ပါစိတ်(၉၂)အာပါတ်ဖြစ်သည့်အခါ ကူသိုလ်စိတ်များ ပျောက်ကွယ်သွား သောသိက္ခာပုဒ်များ

မုသာဝါဒဝဂ်

| စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အကျိုးရလဒ် |
|---|---|---|---|---|---|
| ၁ | မုသာဝါဒသိက္ခာပုဒ် လိမ်လည်၍ ပြောဆိုခြင်း ။ | သာဝတ္ထိပြည် | သာကီဝင်မင်းသား ဟတ္ထက | အရှင်ဟတ္ထကသည် တိတ္ထိတို့နှင့်စကား ပြောဆိုသောအခါမသိသည်ကိုသိသည်၊ သိသည်ကို မသိဟုလိမ်လည်၍ ပြောဆိုခြင်း ကြောင့် ပညတ် တော်မူ၏။ | ၁။ အလွဲအမှား ကိုမှတ်မှားစေ လိုခြင်း ၊<br>၂။ ကိုယ်-နှုတ်(၂)ပါး တို့တွင် တပါးပါး ကိုပြုခြင်း ။ |
| ၂ | ဩမသဝါဒသိက္ခာပုဒ် ရဟန်း ကိုဆဲရေး ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည်သီလဝန္တ ရဟန်း တို့နှင့်ငြင်း ခုံကြပြီး ထိုရဟန်း တို့ကိုဆဲရေး ခြင်း ကြောင့်ပညတ် တော် မူ၏။ | ၁။ ဆဲရေး သူက ရဟန်းဖြစ်ခြင်း၊<br>၂။ ကြမ်းတမ်း သော စကားမျိုး တို့ ဖြင့်ဆဲရေး ခြင်း ၊<br>၃။ အဆဲခံ ရသူကဆဲမှန်း သိခြင်း၊<br>၄။ သင့်ပြမှုမျိုး မဟုတ်ခြင်း ။ |
| ၃ | ပေသုညသိက္ခာပုဒ် ချောပစ်ကုန်း တိုက်ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် အချင်း ချင်း သင်း ခုံကြကုန် သောဒိုက်ရန်ဖြစ် ပွား ကြကုန် သော ရဟန်း တို့အားချော ပစ်ကုန်း တိုက်ခြင်း ကြောင့်ပညတ် တော် မူ၏။ | ၁။ သင်း ခုံ၍ဆဲရေး ခံရသူထံ ပို့ဆောင်ခြင်း ၊<br>၂။ မိမိကိုချစ်စေလိုပြီး သူ၂ဦး ကွဲစေလိုခြင်း ၊<br>၃။ ချောပစ်ကုန်း တိုက်ခံရသူက နားလည်ခြင်း ။ |
| ၄ | ပဒသောဓမ္မသိက္ခာပုဒ် လူသာမဏေကိုသံပြိုင် ပါဠိအဋ္ဌကထာများ ကိုပို့ချပေးခြင်း။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် လူဒါယကာတို့ကိုသံပြိုင် ပါဠိအဋ္ဌကထာများ ကိုပို့ ချပေး ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ လူ-သာမဏေဖြစ်ခြင်း ၊<br>၂။ သံပြိုင် ပါဠိအဋ္ဌကထာကိုပို့ချ ပေး ခြင်း ၊<br>၃။ သံပြိုင် ရွတ်ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၅ | သဟသေယျသိက္ခာပုဒ်<br>တမိုးတရံတည်းသောကျောင်း၌ လူ၊ သိမဏေ၊ တိရိစ္ဆာန်တို့နှင့်အတူတကွ (၃) ညဉ့်ထက်ပို၍အိပ်ခြင်း ။ | အာဠဝီပြည် | ရဟန်း အများ | ရဟန်းတို့သည် လူ၊ သိမဏေ၊ တိရိစ္ဆာန်တို့နှင့်အတူတကွ တမိုးတရံတည်းသောကျောင်း၌ (၃) ညဉ့်ထက်ပို၍အိပ်ခြင်းကြောင့် ပညတ်တော်မူ၏ ။ | ၁။ အာပတ်သင့်လောက်သော ကျောင်း အိပ်ရာ နေရာ ဖြစ်ခြင်း ၊<br>၂။ လူစသည်တို့နှင့်တကွအိပ်ခြင်း၊<br>၃။ လေး ရက်မြောက်နေ့ဝင်ခြင်း ။ |
| ၆ | ဒုတိယသဟသေယျသိက္ခာပုဒ်<br>မိမ္မနှင့်တမိုးတရံတည်းသော ကျောင်းအိမ်ဇရပ်အရပ်ရပ်တို့၌အိပ်ခြင်း ။ | သာဝတ္ထိပြည် | အရှင်အနုရုဒ္ဓါ | အရှင်အနုရုဒ္ဓါသည် မိမ္မနှင့်တမိုးတရံတည်းသောကျောင်း၌အိပ်ခြင်းကြောင့် ပညတ်တော်မူ၏ ။ | ၁။ အာပတ်သင့်လောက်သော ကျောင်း အိပ်ရာ နေရာ ဖြစ်ခြင်း ၊<br>၂။ မိမ္မနှင့်အတူအိပ်ခြင်း ၊<br>၃။ နေ့ဝင်ခြင်း ။ |
| ၇ | ဓမ္မဒေသနာသိက္ခာပုဒ်<br>အနီးအပါး၌ နားလည်သူလူယောကျ်ား မရှိဘဲ မိမ္မအား (၆) ခွန်းထက်ပို၍ ပါဠိအဋ္ဌကထာဓမ္မကို ဟောခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | အရှင်ဥဒါယီသည် အနီးအပါး၌ နားလည်သူ လူယောကျ်ား မရှိဘဲ မိမ္မအား ပါဠိအဋ္ဌကထာတရားကို ဟောကြားခြင်းကြောင့် ပညတ်တော်မူ၏ ။ | ၁။ ပါဠိအဋ္ဌကထာတရားကို (၆) ခွန်းထက်ပို၍ ဟောခြင်း၊<br>၂။ တတ်သိနားလည်သော မိမ္မ ဖြစ်ခြင်း ၊<br>၃။ ဣရိယာပုတ်အပြောင်းအလွဲ မရှိခြင်း ၊<br>၄။ တတ်သိနားလည်သူလူယောကျ်ား မရှိခြင်း ၊<br>၅။ ပြဿနာဖြေသောအရာ မဟုတ်ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်အာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၈ | ဘူတာရောစနသိက္ခာပုဒ်<br>ဈာန်မဂ်ဖိုလ်ရကြောင်းကို လူသာမဏေအားအမှန်အတိုင်း ပြောကြားခြင်း ။ | ဝေသာလီပြည် | ဝဂ္ဂုမုဒါမြစ်ကမ်းပါး၌ နေထိုင်ကုန်သော ရဟန်းများ | ဝဂ္ဂုမုဒါမြစ်ကမ်းပါးနေ နေထိုင်ကုန်သော ရဟန်းတို့သည် လူပုဂ္ဂိုလ်တို့အား တပါး - တပါး၏ ဈာန် - မဂ် - ဖိုလ် ရကြောင်းများကိုအမှန်အတိုင်း ပြောဆိုခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ ဈာန်-မဂ်-ဖိုလ်အမှန် ရရှိခြင်း၊<br>၂။ လူသာမဏေအား ပြောကြားခြင်း၊<br>၃။ ပြောပြီးခဏ၌သိခြင်း ၊<br>၄။ သူတပါး ကိုမညွှန်ပြခြင်း ။ |
| ၉ | ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်<br>ပြောဆိုပိုင်ခွင့်ရှိသော ရဟန်း၏သင့်သော သံဃာဒိသိသ်အာပတ်ကို ပြောဆိုခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း ( ၆ ) ပါး တို့သည် ရဟန်း၏ သင့်သော သံဃာဒိသိသ်အာပတ်ကိုလူသာမဏေတို့အား ပြောကြားခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ ပါရာဇိကမကျသေး သော ရဟန်း၏ သံဃာဒိသိသ်အာပတ် ဖြစ်ခြင်း ၊<br>၂။ လူသာမဏေအား ပြောခြင်း၊<br>၃။ ပြောပိုင်ခွင့်သမုတ် ရပုဂ္ဂိုလ် မဟုတ်ခြင်း ။ |
| ၁၀ | ပထဝီခဏနသိက္ခာပုဒ်<br>မြေကိုကိုယ်တိုင်တူးခြင်း၊ သူတပါးအားတူးစေခြင်း ။ | အာဠဝီပြည် | အာဠဝီပြည်သား ရဟန်းများ | အာဠဝီပြည်သား ရဟန်းတို့သည် မြေကိုတူးခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဇာတ - ပထဝီဖြစ်ခြင်း ၊<br>၂။ ဇာတ - ပထဝီမှန်းသိခြင်း၊<br>၃။ ကိုယ်တိုင်တူးခြင်း ၊ သို့မဟုတ် သူတပါး ကိုတူးစေခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | ဘူတဂါမသိက္ခာပုဒ်<br>မျက်သစ်ပင်အပေါင်းကိုဖျက်ဆီးခြင်း ။ | အာဠဝီပြည် | အာဠဝီပြည်သား ရဟန်းများ | အာဠဝီပြည်သား ရဟန်းများ သည်သစ်ပင်တို့ကိုဖြတ်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ မျက်သစ်ပင်ဖြစ်ခြင်း ၊<br>၂။ မျက်သစ်ပင်ဟုသိခြင်း ၊<br>၃။ ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေဖျက်ဆီးခြင်း ။ |
| ၂ | အညဝါဒကသိက္ခာပုဒ်<br>မေးသည့်မှတပါးကိုပြောဆိုခြင်း ၊ မေးသည့်ကိုမဖြေဘဲဆိတ်ဆိတ်နေခြင်း ။ | ကောသမ္ဗီပြည် | အရှင်ဆန္န | အရှင်ဆန္နသည် သံဃာ့အလယ်၌အာပတ်ဖြင့်မေး စိစစ်အပ်သည့်ရှိသော် မေးအပ်သည့်မှတပါးတခြားကိုဖြေဆိုခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဝိနည်း ဓမ္မကံအဖြစ်ဖြင့်တင်အပ်ပြီးဖြစ်ခြင်း ၊<br>၂။ အာပတ်ဖြင့်ဖြစ်စေ၊ ဝတ္ထုဖြင့်ဖြစ်စေအမေးအမြန်းခံရခြင်း ၊<br>၃။ အဖြစ်ကိုဖုံးလွှမ်းလိုသဖြင့်ရှောင်လွှဲဖြေကြားခြင်း ။ |
| ၃ | ဥဇ္ဈာပနကသိက္ခာပုဒ်<br>ကဲ့ရဲ့ရှုတ်ချပြောဆိုခြင်း ။ | ရာဇဂြိုဟ်ပြည် | မေတ္တိယဘုမ္မဇက ရဟန်း | မေတ္တိယဘုမ္မဇကရဟန်းတို့သည် မလ္လာမင်း၏သားဖြစ်သောအရှင်ဒဗ္ဗကိုကဲ့ရဲ့ရှုတ်ချပြောဆိုခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဓမ္မကံဖြင့်သမုတ်အပ်သူဖြစ်ခြင်း ၊<br>၂။ အပြောခံရသူရဟန်းဖြစ်ခြင်း ၊<br>၃။ အဂတိမလိုက်စားခြင်း ၊<br>၄။ ထိုသူ၏ကျေးဇူးမဲ့ကိုလိုလားခြင်း ၊<br>၅။ ပြောဆိုသောပုဂ္ဂိုလ်ကရဟန်းဖြစ်ခြင်း ၊<br>၆။ ကဲ့ရဲ့ခြင်း ၊ ရှုတ်ချခြင်း၂-ခုအနက်တခုခုကိုပြုခြင်း ။ |

| အမှတ်စဉ် | သိပ္ပံပုဒ်နှင့်ဘာသာပြန် | ပသုတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၄ | ပဌမ သေနာသနသိက္ခာပုဒ် — သံဃိကဖြစ်သော ကုတင် သေ့ါင် စေါင်း ဖုံ မွေ့ရာ ဖျာအခင်း များကို လေဟာပြင်၌ခင်း၍ မသိမ်း ဆည်း ဘဲပြစ်ထား သွားခြင်း ။ | သာဝတ္ထိပြည် | ရဟန်း အများ | ရဟန်းတို့သည် သံဃိကအသုံး အဆောင်ဖြစ် သောကုတင် သေ့ါင် စေါင်း စသည်များ ကို လေဟာပြင်၌ခင်း၍ မသိမ်း ဆည်းဘဲ အရပ်တပါး သို့ထွက်ခွါသွား ခြင်း ကြောင့် ပညတ် တော်မူ၏။ | ၁။ သံဃိကပစ္စည်း ဖြစ်ခြင်း ၊<br>၂။ မိုးတွင်းကာလမိုး မလုံရာ အရပ်၌ခင်း ထား ခြင်း ၊<br>၃။ သား ရဲတိ ရန္တာနိစ သောအ နှောက်အယှက် မရှိခြင်း ၊<br>၄။ ဘေး ရန်မရှိခြင်း ၊<br>၅။ မငဲ့ကွက်ဘဲသွား ခြင်း ၊<br>၆။ ခဲတပြစ်လွန်ခြင်း ။ |
| ၅ | ဒုတိယ သေနာသနသိက္ခာပုဒ် — သံဃိက ကျောင်း၌အိပ်ရာနေ ရာကိုခင်း၍ မသိမ်း ဆည်း ဘဲပြစ်ထား သွား ခြင်း ။ | သာဝတ္ထိပြည် | သတ္တရသဝဂ္ဂီ ရဟန်း ( ၁၇ ) ပါး | သတ္တရသဝဂ္ဂီမည်သော ရဟန်း ( ၁၇ )ပါး တို့သည် သံဃိက ကျောင်း ၌အိပ်ရာနေ ရာကိုခင်း ၍ မသိမ်း ဆည်း ဘဲ ( မပန် ကြား ဘဲ ) အရပ်တပါး သို့ဖဲခွါသွား ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ အခင်း ဆယ်မျိုး အိပ်ရာဖြစ် ခြင်း ၊<br>၂။ သံဃိကဖြစ်ခြင်း ၊<br>၃။ မိုး မလုံ သောသံဃိက ကျောင်း ၌ခင်း ခြင်း ၊<br>၄။ အနှောက်အယှက်မရှိခြင်း ၊<br>၅။ ဘေး ရန်မရှိခြင်း ၊<br>၆။ မငဲ့မကွက်သွား ခြင်း ၊<br>၇။ ဥပစာကိုလွန်ခြင်း ။ |

| အမှတ်စဉ် | သိဒ္ဓာပုဒ်နှင့်ဘာသာပြန် | ပဿတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဒ်ရှိ | ဝတ္ထုကြောင်း | အဓိပ္ပါယ် |
|---|---|---|---|---|---|
| ၆ | အနုပခဏ္ဍသိဒ္ဓာပုဒ် သံယိက ကျောင်း၌မဒ္ဒမရောက်နှင့်ပြီး သောရဟန်းမှန်းသိသွက်၊ ဘူဦးမြောင်းကျစ်တည်း ဖဲ့သွား စေလိုသောဆန္ဒဖြင့် ကိုးရွေ့၍အပ်ခြင်း ။ | သာဝတ္ထိပြည် | ဆဋ္ဌဂိရဟန်း(၆) ပါး | ဆဋ္ဌဂိရဟန်း ( ၆ ) ပါး တို့သည် သံယိက ကျောင်း၌ ရောက်ရှိလာသော မထေရ် ရဟန်းများ ကိုကျစ်တည်း ဘူဦး မြောင်း၍ ဖဲ့ခွါသွား စေလိုသောဆန္ဒဖြင့်တိုးဝှေ့၍အပ်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ သံယိက ကျောင်း ဖြစ်ခြင်း ၊<br>၂။ ထိုနေရာမှထွက်ခွါသွား စေလိုက်သူမဟုတ်မှန်းသိခြင်း၊<br>၃။ ကျစ်တည်း စေလိုခြင်း ၊<br>၄။ ဥပစာ၌ထိုင်ခြင်း –အိပ် ခြင်း ။ |
| ၇ | နိက္ကဍ္ဍနသိက္ခာပုဒ် ဒေါသထွက် ၍ သံယိက ကျောင်းမှ ရဟန်း ကိုနှင်ထုတ်ခြင်း ။ | သာဝတ္ထိပြည် | ဆဋ္ဌဂ္ဂီရဟန်း (၆) ပါး | ဆဋ္ဌဂ္ဂီရဟန်း ( ၆ ) ပါး တို့သည်ဒေါသထွက်၍သံယိက ကျောင်း မှ ရဟန်း တို့ကိုနှင်ထုတ် ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ သံယိက ကျောင်း ဖြစ်ခြင်း ၊<br>၂။ ခိုက်ရန် ဒေါသမပြုလုပ်သော ရဟန်း ဖြစ်ခြင်း ၊<br>၃။ စိတ်ဆိုး ၍ နှင်ထုတ်ခြင်း – အနှင်ခိုင်းခြင်း ။ |
| ၈ | ဝေဟာသကုဋိသိက္ခာပုဒ် ( ၂ ) ထပ် ( ၃ ) ထပ်ကောက် ပိဒ်သော သံယိက ကျောင်း ပြင်မခင်းရသေးသောအ ထပ်များ၌ခင်း ထား အပ် သောကုတင်၊ ကုလား ထိုင် များ ထိုင်ခြင်း ။ | သာဝတ္ထိပြည် | အမည်နာမမထင်ရှား သော ရဟန်း တပါး | အမည်နာမအား ဖြင့်မထင်ရှား သော ရဟန်း တပါး သည် ( ၂ ) ထပ်သံယိကကျောင်း ၏ပြင်မခင်းရသေး သောအထက်ဆင့်၌၊ ကုတင်၊ ကုလား ထိုင်များ ကိုဘ်၍ထိုင်ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ သံယိက ကျောင်း ဖြစ်ခြင်း ၊<br>၂။ ဦးခေါင်းကိုမတိုက်မိလောက် အောင်မြင့်သော ကျောင်း ဖြစ်ခြင်း ၊<br>၃။ အောက်ထပ်၌သွား လာသုံး စွဲလေ့ရှိခြင်း ၊<br>၄။ ဝို့(သံ) မရိုက်ရသေး သော ခြေထောက်စောင်း ၊ ကုတင်၊ ကုလား ထိုင်များ တွင်ထိုင် ခြင်း ။ |

| စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၉ | မဟလ္လက–သိက္ခာပုဒ်<br>ကျောင်းဒါယကာရှိ၍ ၂–ထပ် ၃–ထပ်ဆောက်အပ်သော ကျောင်းကြီးကို တောက်ပင် ဝဲပင်မရှိရာအရပ်၌ ၃–ထပ် ထက်ပိုလွန်၍ စီမံခြင်း ။ | ကောသမ္ဗီပြည် | အရှင်ဆန္န | အရှင်ဆန္နသည်ပြီးဆုံးလေပြီး ကျောင်းကြီးကိုအုတ်အင်္ဂတေတို့ဖြင့်အထပ်ထပ်ပြုပြင်ရာ၌ လေးလံ၍ ကျောင်းကြီးပြိုကျသောကြောင့် ပညတ်တော်မူ၏ ။ | ၁။ ကျောင်းကြီးဖြစ်ခြင်း ။<br>၂။ မိမိနေဖို့ရာအတွက်ဖြစ်ခြင်း ။<br>၃။ လိုအပ်သည်ထက်ပို၍စီမံခြင်း ။ |
| ၁၀ | သပ္ပါဏက သိက္ခာပုဒ်<br>ပိုးရှိသောရေမှန်းသိလျက် မြက်ပေါ် မြေပေါ်သို့ရေကို သွန်ပြစ်ခြင်း ။ | အာဠဝီပြည် | အာဠဝီပြည်သား ရဟန်းများ | အာဠဝီပြည်သား ရဟန်းတို့သည် ပိုးရှိသောရေမှန်းသိလျက် မြက်ပေါ် မြေပေါ်သို့ရေကိုသွန်လောင်းခြင်းကြောင့် ပညတ်တော်မူ၏ ။ | ၁။ ပိုးရှိသောရေဖြစ်ခြင်း ။<br>၂။ သွန်းလောင်းခြင်းကြောင့် ပိုးများသေမည်ကိုသိခြင်း ။<br>၃။ ထိုသို့ပိုးသေလောက်သောရေလည်းဖြစ်ခြင်း ။<br>၄။ မြက်စသည်ပေါ်၌သွန်းလောင်းခြင်း ။ |

## (၃) ဘိက္ခုနီဩဝါဒဝဂ်

| စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | ဩဝါဒသိက္ခာပုဒ်<br>ဆုံးမပိုင်ခွင့်မရှိဘဲဘိက္ခုနီမများအား ဆုံးမခြင်း။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆)ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည်ဆုံးမပိုင်ခွင့်မရှိဘဲ (သမ္မုတိမရဘဲ) ဘိက္ခုနီမတို့အား ဆုံးမခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဆုံးမပိုင်ခွင့်မရှိခြင်း ၊ (သမ္မုတိမရခြင်း)<br>၂။ ဘိက္ခုနီမဖြစ်ခြင်း ၊<br>၃။ ဂရုဓမ္မတရားဖြင့်ဆုံးမခြင်း ။ |
| ၂ | အတ္ထင်္ဂတသိက္ခာပုဒ်<br>ဆုံးမပိုင်ခွင့်ရရှိသော ရဟန်းဖြစ်စေကာမူ ဘိက္ခုနီမတို့အား နေဝင်သည့်တိုင်အောင်ဆုံးမ ဩဝါဒပေးခြင်း ။ | သာဝတ္ထိပြည် | အရှင်စူဠပန္ထက | အရှင်စူဠပန္ထကသည် နေဝင်သည့်တိုင်အောင်ဘိက္ခုနီမတို့အား ဆုံးမဩဝါဒပေးခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ နေဝင်ခြင်း ၊<br>၂။ ဘိက္ခုနီမဖြစ်ခြင်း ၊<br>၃။ ဆုံးမခြင်း ။ |
| ၃ | ဘိက္ခုနုပဿယသိက္ခာပုဒ်<br>ဘိက္ခုနီမ မကျန်းမာသော အခါမှတပါး ဘိက္ခုနီမကျောင်းသို့သွား၍ဩဝါဒပေးခြင်း ။ | သက္ကတိုင်း | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် ဘိက္ခုနီမ မကျန်းမာသောအခါမဟုတ်ဘဲဘိက္ခုနီမကျောင်းသို့သွား၍ဆုံးမဩဝါဒပေးခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ဘိက္ခုနီမကျောင်းသို့သွားခြင်း ၊<br>၂။ ဘိက္ခုနီမဖြစ်ခြင်း ၊<br>၃။ မကျန်းမာသောအခါမဟုတ်ခြင်း ၊<br>၄။ ဂရုဓမ္မတရားဖြင့်ဆုံးမခြင်း။ |

| သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာဒေသ | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|
| **အာဝါသသိက္ခာပုဒ်** မထေရီကြီးများ သည်ယာဉ် ဘျား လိမ္မာစေလို သော်ကြောင့် ဘိက္ခုနီမကိုဆုံးမကြသည်မဟုတ်၊ သက်နှင်း စသောအာဝါသကိုရ လိုမှုကြောင့်ဆုံးမကြဘုန်၏ဟု ကဲ့ရဲ့ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် မထေရီကြီးများ သည်ယာဉ် ဘျားလိမ္မာစေလို သောကြောင့်ဘိက္ခုနီမကိုဆုံးမကြသည်မ ဟုတ်၊ သက်နှင်း စသောအာဝါသကိုရလိုမှု ကြောင့်ဆုံးမကြဘုန်၏ဟုကဲ့ရဲ့ခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ ရဟန်းဖြစ်ခြင်း ၊<br>၂။ တရားသဖြင့်သမ္မုတိရသူ ဖြစ်ခြင်း ၊<br>၃။ အာဝါသငဲ့မှုမရှိခြင်း ၊<br>၄။ ဘျားဖွဲ့ မဲ့ကိုလိုလား သဖြင့် ပြောဆိုခြင်း ။ |
| **စီဝရဒါနသိက္ခာပုဒ်** လဲလှယ်ခြင်းမျိုးမဟုတ်ဘဲ ဆွေမျိုးမတော်သောဘိက္ခုနီမအား သင်္ကန်းကိုပေးခြင်း။ | သာဝတ္ထိပြည် | အမည်နာမမသိ အားဖြင့်မထင်ရှားသော ရဟန်းတပါး ။ | အမည်နာမအားဖြင့်မထင်ရှားသော ရဟန်းတပါး သည် လဲလှယ်ခြင်းမျိုးမဟုတ် ဘဲ ဆွေမျိုးမတော်စပ်သောဘိက္ခုနီမ အား သင်္ကန်းကိုပေးခြင်းကြောင့် ပညတ်တော်မူ၏ ။ | ၁။ အဓိဋ္ဌာန်စိကပ္ပနာ လောက် သောသင်္ကန်းဖြစ်ခြင်း ၊<br>၂။ လဲလှယ်မှုမရှိခြင်း ၊<br>၃။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမဖြစ်ခြင်း ။ |
| **စီဝရသိဗ္ဗန သိက္ခာပုဒ်** ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏သင်္ကန်းကိုချုပ်ပေး ခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | အရှင်ဥဒါယီသည် ဆွေမျိုး မတော်စပ်သော ဘိက္ခုနီမ၏သင်္ကန်းကို ချုပ်ပေးခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ ဆွေမျိုးမတော်သောဘိက္ခုနီ မ၏သင်္ကန်းဖြစ်ခြင်း ၊<br>၂။ ဝတ်လောက်ရုံလောက်သော သင်္ကန်းဖြစ်ခြင်း ၊<br>၃။ ချုပ်ခြင်း သို့မဟုတ် ချုပ်စေ ပေး ခြင်း ။ |

| စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| | သံဝိဓါနသိက္ခာပုဒ်<br>လမ်းခရီးက ဘေး အန္တရာယ် မရှိပါဘဲလျက်ဘိက္ခုနီမနှင့်အတူ ချိန်း ချက်၍ မိမိ ရွာမှ အနီး အပါး ရွာသို့သွား ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် လမ်း ခရီး၌ ဘေး အန္တရာယ် မရှိပါဘဲလျက် ဘိက္ခုနီမနှင့်အတူ ချိန်း ချက်၍ ယူဇနာ ဝက်မျှ သော ခရီး ကိုသွား ခြင်း ကြောင့် ပညတ် တော်မူ၏။ | ၁။ နှစ်ဦး သဘောတူ စီစဉ်၍ သွား ခြင်း ၊<br>၂။ ချိန်း ချက်မှုမချွတ်ယွင်းခြင်း၊<br>၃။ ချိန်း ချက်၍သွား။ သင့်ရာ အခါမဟုတ်ခြင်း ၊<br>၄။ ဘေး ရန်မရှိခြင်း ၊<br>၅။ ယူဇနာ ဝက်ကိုလွန်ခြင်း ။ |
| ၈ | နာဝါဘိရုဟနသိက္ခာပုဒ်<br>ဘိက္ခုနီမနှင့်အတူ ချိန်း ချက်၍ (ကန့်လန့်ဖြတ် ကူး ခြင်းမဟုတ်ဘဲ) စုံချီဆန်ချီ လှေတစည်းတည်း စီး ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် ဘိက္ခုနီမနှင့်အတူ ချိန်း ချက်၍ မြစ်ကိုကန့်လန့်ဖြတ် ကူး မျိုး မဟုတ်ဘဲ စုံချီဆန်ချီ လှေတစည်း တည်း စီး ၍သွား ခြင်း ကြောင့် ပညတ် တော်မူ၏။ | ၁။ နှစ်ဦး သဘောတူ စီစဉ်၍ သွား ခြင်း ၊<br>၂။ ချိန်း ချက်မှု- မချွတ်ယွင်း ခြင်း ၊<br>၃။ ဖြတ်ကူး ရာအခါမဟုတ်ခြင်း၊<br>၄။ ဘေး ရန်မရှိခြင်း ။<br>၅။ ယူဇနာ ဝက်ကိုလွန်ခြင်း ။ |
| ၉ | ပရိပါစိတ သိက္ခာပုဒ်<br>ဘိက္ခုနီမ (မစိမ့်မှိုလုတို့ဘာသာ စီမံအပ် သောဆွမ်းမျိုးမဟုတ် ဘဲ) ဘိက္ခုနီမစီမံမှန်း သိလျက် ဆွမ်း ကိုစား ခြင်း ။ | ရာဇဂြိုဟ်ပြည် | အရှင်ဒေဝဒတ် | အရှင်ဒေဝဒတ်သည် ဘိက္ခုနီမ မစီမံမှို လုတို့ဘာသာ စီမံအပ် သော ဆွမ်း မျိုးမဟုတ် ဘဲ ဘိက္ခုနီမစီမံမှန်း သိလျက် သော ဆွမ်း ကိုစား ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ ဘိက္ခုနီမဖြစ်ခြင်း ။<br>၂။ တ ယောက် ချင်းချင်း ဖြစ် ခြင်း ၊<br>၃။ ဆီဝိတ်ဝြမ်ရာအရပ်ဖြစ်ခြင်း၊<br>၄။ နေထိုင်ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညာရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁၀ | ရဟောနိသဇ္ဇသိက္ခာပုဒ်<br>ဘိက္ခုနီမနှင့်အတူတကွတ ယောက်ချင်းချင်း ဆိတ်ငြိမ်ရာအရပ်၌ နေထိုင်ခြင်း ။ | သာဝတ္ထိပြည် | အရှင်ဥဒါယီ | အရှင်ဥဒါယီသည် ဘိက္ခုနီမနှင့်အတူတကွတ ယောက်ချင်းချင်းဆိတ်ငြိမ်ရာအရပ်၌ နေထိုင်ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ ဘိက္ခုနီမဖြစ်ခြင်း ၊<br>၂။ တ ယောက်ချင်း ချင်း ဖြစ်ခြင်း ၊<br>၃။ ဆိတ်ငြိမ်ရာအရပ်ဖြစ်ခြင်း<br>၄။ နေထိုင်ခြင်း ။ |

## (၄) ဘောဇနဝဂ်

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်ဘာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | အာဝသထပိဏ္ဍသိက္ခာပုဒ်<br>မကျန်းမမာမဟုတ် ပါဘဲ ဒေဿသည်တို့တည်း နိုရန်ဇရပ်၌ဝတ်တည်ထား သောဆွမ်း ကိုတကြိမ်ထက်ကျော်လွန်၍သုံးဆောင်ခြင်း။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း(၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည်အမြဲတမ်း ဝင်၍ဝင်၍ ဒေဿသည်တို့တည်း ခိုရန်ဇရပ်၌ ဝတ်တည်ထား သောဆွမ်း ကို (မကျမ်း မမာမဟုတ် ပါဘဲလျက်) သုံး ဆောင်ခြင်း ကြောင့် ပညတ် တော်မူ၏။ | ၁။ ဒေဿသည်တို့အတွက် ဝတ်တည်ထား သောဆွမ်းဖြစ်ခြင်း၊<br>၂။ မကျန်း မမာမဟုတ်ခြင်း ၊<br>၃။ နေ့စဉ် နေ၍စား ခြင်း ၊ |
| ၂ | ဂဏဘောဇနသိက္ခာပုဒ်<br>လေး ပါး သော ရဟန်း တို့အား တပေါင်း တည်း မအပ် သော နည်း ဖြင့်ပင့်ဘိတ်၍၊ ရအပ် သောဆွမ်း ကိုမကျန်း မာ ခြင်း စသောအကြောင်း မ ရှိဘဲလျက်စား ခြင်း။ | ရာဇဂြိုဟ်ပြည် | အရှင်ဒေဝဒတ် | အရှင်ဒေဝဒတ်သည်ပရိတ်သက်နှင့်တကွ လူတို့က မအပ်သောဘိတ်ခြင်း ဖြင့်ဘိတ် သည်ကို မအပ်သော တောင်း ခြင်း ဖြင့် တောင်း ၍စား ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ ဂဏဘောဇဉ်ဖြစ်ခြင်း ၊<br>၂။ အခါကာလမဟုတ်ခြင်း ၊<br>၃။ သုံး ဆောင်ခြင်း ။ |
| ၃ | မရမ္ပရဘောဇနသိက္ခာပုဒ်<br>မကျန်း မာခြင်း စသောအ ကြောင်း မရှိဘဲလျက် ဦးစွာ ပင့်သူ၏ဆွမ်း ကိုမစား ဘဲ နောက်မှပင့်သူ၏ဆွမ်း ကို စား ခြင်း ။ | ဝေသာလီပြည် | ရဟန်း အများ | ရဟန်း တို့သည်မကျန်းမာခြင်း စသောအ ကြောင်း မရှိပါဘဲလျက် ဦး စွာပင့်သူ ၏ဆွမ်း ကိုမစား ဘဲ နောက်မှပင့်သူ ၏ဆွမ်း ကိုလိုက်၍သုံး ဆောင်ခြင်း ကြောင့် ပညတ် တော်မူ၏ ။ | ၁။ နောက်ပင့်သူ၏ဆွမ်း ဖြစ် ခြင်း ၊<br>၂။ မကျန်း မာခြင်း စသော အကြောင်း ရှိသောအခါအ ဟုတ်ခြင်း ၊<br>၃။ သုံး ဆောင်ခြင်း ။ |

| အမှတ်စဉ် | သိက္ခာပုဒ်နှင့်အာသာပြန် | ပညတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၄ | ကာဏမာတာသိက္ခာပုဒ်<br>အိမ်သို့ချဉ်းကပ်လာသောရဟန်းကိုမုန့်တို့ဖြင့်အလိုရှိသလို ခံယူဘို့ရန်ဖိတ်မံရာ၌(၃) သပိတ်ထက်ကျော်လွန်၍ခံယူခြင်း။ | သာဝတ္ထိပြည် | ရဟန်းအများ | ရဟန်းတို့သည်အတိုင်းအရှည်ပမာဏကို မသိဘဲမုန့်တို့ကိုခံယူခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ မုံ့ဖြစ်ခြင်း၊<br>၂။ အကြွင်းအကျန်မဟုတ်ခြင်း၊<br>၃။ ကိစ္စမပြီးဆုံးသေးခြင်း၊<br>၄။ ဆွေမျိုးမတော်ပင့်ဖိတ်သူ မဟုတ်ခြင်း၊<br>၅။ (၃)သပိတ်ထက်ပို၍ခံယူခြင်း။ |
| ၅ | ပဌမပဝါရဏာသိက္ခာပုဒ်<br>ဆွမ်းစားစဉ်(တော်ပြီ တန်ပြီ)ဟုတားမြစ်ပြီး၍ နောက်ထပ်ထပ်၍သုံးဆောင်ခြင်း။ | သာဝတ္ထိပြည် | ရဟန်းအများ | ရဟန်းတို့သည်ဆွမ်းစားစဉ်တော်ပြီ တန်ပြီဟုတားမြစ်ပြီးဖြစ်ပါလျက်၊နောက်ထပ်(ဝိနည်းစည်းကမ်းအတိုင်းမပြုမလုပ်ဘဲ)ထပ်၍သုံးဆောင်ခြင်းကြောင့် ပညတ်တော်မူ၏။ | ၁။ စားဆဲဖြစ်ခြင်း၊<br>၂။ ဘောဇဉ်(၅)ပါးတို့တွင် တပါးဖြစ်ခြင်း၊<br>၃။ ပေးသူက(၂)တောင်ကွာ အတွင်းသို့ဝင်ရောက်ခြင်း၊<br>၄။ ဆောင်ယူနိုက်ဖြစ်ခြင်း၊<br>၅။ ကိုယ်နှုတ်ဖြင့်ပယ်ခြင်း။ |
| ၆ | ဒုတိယပဝါရဏာသိက္ခာပုဒ်<br>ဆွမ်းစားစဉ်(တော်ပြီတန်ပြီဟု)တားမြစ်၍ နောက်ထပ်ထပ်၍ဖိတ်မံခြင်း။ | သာဝတ္ထိပြည် | အမည်နာမအားဖြင့်မထင်ရှားသော ရဟန်း | အမည်နာမအားဖြင့်မထင်ရှားသော ရဟန်းတပါးသည် ဆွမ်းစားစဉ်တော်ပြီ၊ တန်ပြီဟုတားမြစ်ပြီးပါလျက်(ဝိနည်းစည်းကမ်းအတိုင်းမပြုမလုပ်ဘဲရှိသေးလျက်) နောက်ထပ်-ထပ်၍ဖိတ်မံခြင်းကြောင့်ပညတ်တော်မူ၏။ | ၁။ အဖိတ်ခံရသောရဟန်း၏ တားမြစ်ပြီးဖြစ်ခြင်း၊<br>၂။ တားမြစ်ပြီးမှန်းသိခြင်း၊<br>၃။ စောဒနာဘို့ရန်ရှေ့ရှု ခြင်း၊<br>၄။ ခဲဘွယ်ဘောဇဉ်ဖြင့်ဖိတ် ခြင်း၊<br>၅။ အဖိတ်ခံရသောရဟန်း၏ စားခြင်းကိစ္စပြီးဆုံးခြင်း။ |

| မှတ်စဉ် | သိဒ္ဓပုဒ်နှင့်ဘာသာပြန် | ပဿတ် ရာတိုင်းပြည် | အကြောင်းပြုသော ပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၇ | ဝိဘာလ – ဘေါဓနသိဒ္ဓပုဒ် မှန်းလွဲသောအခါ၌ ခဲဘွယ် ဘောဇဉ်ကိုသုံးဆောင်ခြင်း။ | ရာဇဂြိုဟ်ပြည် | သဒ္ဓ ရာဇဝဂ္ဂီအမည်ရှိသော ရဟန်း (၁၇) ပါး | သဒ္ဓ ရာဇဝဂ္ဂီအမည်ရှိသော ရဟန်း (၁၇) ပါး တို့သည် မွန်းလွဲသောအခါ၌ ခဲဘွယ် ဘောဇဉ်ကိုသုံးဆောင်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ မွန်းလွဲသောအခါဖြစ်ခြင်း ၂။ ခဲဘွယ် ဘောဇဉ်ဖြစ်ခြင်း ၃။ သုံးဆောင်ခြင်း ။ |
| ၈ | သန္နိဓိကာရကသိက္ခာပုဒ် သိုမှီး သိမ်းဆည်းခြင်းကိုပြု၍ ခဲဘွယ် ဘောဇဉ်ကိုသုံးဆောင် ခြင်း ။ | သာဝတ္ထိပြည် | အရှင်ဗေလဋ္ဌသီသ | အရှင်ဗေလဋ္ဌသီသသည် သိုမှီး သိမ်း ဆည်းခြင်း ကိုပြု၍ ခဲဘွယ် ဘောဇဉ်ကို သုံးဆောင်ခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ ခဲဘွယ် ဘောဇဉ်ဖြစ်ခြင်း ၂။ သိုမှီးသိမ်းဆည်းခြင်း ၊ ၃။ သုံးဆောင်ခြင်း ။ |
| ၉ | ပဏီတ ဘောဇနသိက္ခာပုဒ် မနာမဖျားဘဲမွန်မြတ်သော ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ငါး ၊ အသား ၊ ဟင်းလျာ၊ နို့ရည်၊ နို့ဓမ်းတို့ကို မိမိအတွက် တောင်း၍သုံး ဆောင်ခြင်း ။ | သာဝတ္ထိပြည် | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး | ဆဗ္ဗဂ္ဂီရဟန်း (၆) ပါး တို့သည် မွန် မြတ်သော ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ငါး ၊ အသား ၊ ဟင်းလျာ၊ နို့ရည်၊ နို့ဓမ်းတို့ကို (မနာမဖျားဘဲ) မိမိအတွက် တောင်း၍သုံး ဆောင်ခြင်း ကြောင့်ပညတ် တော်မူ၏။ | ၁။ မွန်မြတ်သော ဘောဇဉ်ဖြစ်ခြင်း ၊ ၂။ မနာမဖျားခြင်း ၊ ၃။ တောင်း၍ ရခြင်း ၊ ၄။ သုံး ဆောင်ခြင်း ။ |
| ၁၀ | ဒန္တပေါဏသိက္ခာပုဒ် ရေနှင့်ဒန်ပူမှတပါး အခြားသောစား ဘွယ် သောက်ဘွယ်များကို မကပ်မခံဘဲသုံးဆောင်ခြင်း။ | ဝေသာလီပြည် | အမည်နာမထင်ရှားဖြစ်မထင်ရှားသော ရဟန်းတပါး | အမည်နာမထင်ရှားဖြစ်မထင်ရှားသော ရဟန်းတပါးသည် အကပ်မခံဘဲ(ရေ နှင့်ဒန်ပူမှတပါး ) စားဘွယ်၊ သောက် ဘွယ်ကိုသုံး ဆောင်ခြင်း ကြောင့် ပညတ်တော်မူ၏။ | ၁။ အကပ်မခံခြင်း ၊ ၂။ သီးခြားခွင့်ပြုချက်မရှိခြ ၃။ မီးခိုးစသောသုံး ဆော လို့မရကောင်း သောအစ မဟုတ်ခြင်း ၊ ၄။ သုံး ဆောင်ခြင်း ။ |

## (၅) အစေလကဝဂ်

| အမှတ်စဉ် | သိဋ္ဌာပုဒ်နှင့်ဘာသာပြန် | ပသွတ်ရာတိုင်းပြည် | အကြောင်းပြုသောပုဂ္ဂိုလ် | ဝတ္ထုကြောင်း | အင်္ဂါရပ် |
|---|---|---|---|---|---|
| ၁ | အစေလကသိက္ခာပုဒ်<br>အဝတ်မဝတ်သောတက္ကတွန်းနှင့်ပရိဗ္ဗိုဇ်ယောကျ်ားပရိဗ္ဗိုဇ်မိန်းမအားမိမိလက်ဖြင့်ခဲဘွယ်ဘောဇဉ်ကိုပေးခြင်း။ | ဝေသာလီပြည် | အရှင်အာနန္ဒာ | အရှင်အာနန္ဒာသည် ပရိဗ္ဗိုဇ်မတယောက်အား မုံ့တခုဟူ၍ပေးလိုက်သော်လည်း နှစ်ခုဖြစ်မှန်း မသိဘဲပေးမိခြင်း ကြောင့်ပညတ်တော်မူ၏။ | ၁။ တိတ္ထိဖြစ်ခြင်း၊<br>၂။ ခွင့်ပြုထားအပ်သောဆီစသည်မဟုတ်ခြင်း၊<br>၃။ စားကောင်းသောအာဟာရဖြစ်ခြင်း၊<br>၄။ ချထားနိုက်မဟုတ်သောခွက်ထည်းနှင့်မိမိလက်ဖြင့်စားဘို့ရာထည့်ခြင်း။ |
